# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (၁၄၈)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)



ကျောက်ပန်းတောင်းမြို့နယ်ရှိ ဂဲမိုးအိုင်ဒေသသို့ လာရောက်လည်ပတ် လေ့လာကြသူများကို တွေ့ရစဉ်။

## ကျောက်ပန်းတောင်းမြို့နယ်၌ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဂဲမိုးအိုင်ခရီးစဉ်သစ် ဖော်ဆောင်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဂဲမိုးအိုင် ခရီးစဉ်သစ်သို့ သွားရောက်လေ့လာမည်ဆိုပါက ကျောက်ပန်းတောင်းမြို့မှ မိတ္ထီလာဘက်အထွက် ၇ မိုင်ခန့်အကွာ၊ ကြက်မောက်တောင်ဆည် အနီးမှမြောက်ဘက် ၂ မိုင် ၃ ဖာလုံခန့်အကွာရှိ လဲဂွရွာနှင့် လက်ပံအိုင့်ကျေးရွာ မြောက်ဘက် ၂ မိုင်ခန့်အကွာရှိ မြောက်ကျောက်အိုးနှင့် ဂဲမိုးအိုင်နေရာသို့ ရောက်ရှိလေ့လာနိုင်ကြောင်း သိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ ခရီးစဉ်ဒေသအသစ်ရှာဖွေဖော်ဆောင်ထားသည့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများသည် ဂဲမိုးအိုင်ခရီးစဉ်ဒေသအား အကြိမ်ကြိမ်သွားရောက်လေ့လာပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရပ်ရွာအခြေပြု သဘာဝအခြေခံခရီးသွားလုပ်ငန်း အခြေခံအကြောင်းအရာများနှင့် ဂေဟစနစ်မပျက်ရှိနေသေးသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ○

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အတွင်း အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

*စာမျက်နှာ ၄ ကော်လံ ၅* ✻

**ယနေ့ ဖတ်စရာ**

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မဟာဗျူဟာ

ဆောင်းပါး စာ - ၁၀

ခေတ်အဆက်ဆက် မီးဘေးကာကွယ်ရေး ဆောင်ရွက်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်များ



ဆောင်းပါး စာ - ၂၀




# ပြင်ပ ပယောဂနှင့် ပဋိပက္ခ

ယူကရိန်းနိုင်ငံအပေါ် ရုရှားက စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်လာမှုက ဖြစ်နိုင်ခြေရှိသည့် အခြေအနေများ ဖြစ်ပေါ်နေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ တစ်ချိန်က ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံများဖြစ်သည့် ယူကရိန်းတွင် ရုရှားလူမျိုး ရှစ်သန်းကျော်ရှိနေပြီး ရုရှားနိုင်ငံထဲတွင်လည်း ယူကရိန်း နှစ်သန်းခန့်ရှိနေရာ ယူကရိန်းသည် ရုရှားနှင့်အကျိုးစီးပွား ဆက်စပ်နေသည့် မိသားစုနိုင်ငံတစ်ခုသဖွယ် ဖြစ်နေသည်။ သို့ရာတွင် တစ်ချိန်က စစ်အေးကာလ ပြိုင်ဘက်အနောက်အုပ်စုနှင့် ယူကရိန်းက ပိုမိုနီးကပ်သွားခဲ့သည့်အပြင် စစ်စာချုပ်အဖွဲ့ဝင် နိုင်ငံဖြစ်သွားမည့်အရေးက ရုရှား၏ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို အနီးကပ်ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာမည်ဖြစ်သည့်အတွက် ရုရှားသမ္မတပူတင်က တောင်းဆိုမှုများပြုခဲ့သည်ကို သတင်းများတွင် တွေ့ရသည်။

ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ရုရှားက ယူကရိန်းကို စစ်ဆင်ရေး စတင်လိုက်ခြင်းကြောင့် စစ်ပွဲများနှင့်နီးရာ မြို့နေပြည်သူများ စစ်ရှောင်ထွက်ပြေးကြရသည်။ စစ်ပွဲဖြစ်လာသည့်အခါ သာမန်ပြည်သူများအဖို့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့အတွက် တုန်လှုပ်ချောက်ချားကြရပြီး အသက်ဘေးမှ လွတ်ရာ လွတ်ကြောင်း ပြေးကြရသည်။ ရုရှားက အထူးစစ်ဆင်ရေးဟုဆိုသော စစ်ပွဲ၏ အတိုင်းအတာသည် လက်ရှိအနောက်အုပ်စု လိုလားသည့် ယူကရိန်းအစိုးရ ပြုတ်ကျရေးလား၊ ယူကရိန်းတစ်နိုင်ငံလုံးကို စစ်အင်အားဖြင့် ထိန်းချုပ်ကာ လိုရာပုံသွင်းနိုင်ရေးလား၊ ရုရှား၏ အင်အားကို ပြသရုံ အကန့်အသတ်ဖြင့်လားဆိုသည်ကို မသိနိုင်သေး။ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်စဉ်တွင် အိမ်နီးချင်းနှစ်နိုင်ငံအကြား ပြင်ပအုပ်စုတို့၏ ပယောဂဝင်ရောက်ခဲ့ခြင်းက အဓိကဖြစ်သည်။ နှစ်နိုင်ငံတင်းမာမှုများ ဖြစ်ပေါ်မှုတွင် တစ်ချိန်က စစ်အေးကာလ ပြိုင်ဘက်ဖြစ်ခဲ့ဖူးသည့် နိုင်ငံကို ဆန့်ကျင်ရန်အတွက် ယူကရိန်းကိုအသုံးချခဲ့ကြကာ အိမ်နီးချင်းနှစ်နိုင်ငံ၏ ပဋိပက္ခကို ပိုမိုမြင့်တက်လာစေရန် မီးပေါင်မြှင့်ခဲ့ကြခြင်းဖြစ်သည်။ အမှန်အားဖြင့်ဆိုလျှင် နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် ထိပ်တိုက်တွေ့ဆုံပြီး အကျိုးစီးပွားများ ဆန့်ကျင်ကာ ပဋိပက္ခများ အရှိန်မြင့်လာစေရန် ပြုလုပ်မှုများကို ရှောင်ရှားနိုင်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကြရမည်ဖြစ်သော်လည်း အုပ်စုဖွဲ့ရန်လိုမှုများကို မျက်မှောက်ကမ္ဘာတွင် မကြာမကြာတွေ့နေရသည်။

ဤတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ခန့်က အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် အာရှ၊ အာဖရိက ၂၉ နိုင်ငံက အတည်ပြုခဲ့ကြသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ပြန်လည်အမှတ်ရကြရန် လိုအပ်သည်။ (၁) နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်ပယ်တည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန်၊ (၂) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်ခြင်းမပြုရန်၊ (၃) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ (၄) တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဆင့်အတန်းချင်း တူညီမှုရရှိရန်နှင့် နှစ်ဦးနှစ်ဝအကျိုးဖြစ်ထွန်းရန်၊ (၅) နိုင်ငံရေးဝါဒအချင်းချင်း ကွဲလွဲစေကာမူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူတကွ ပေါင်းသင်းဆက်ဆံနိုင်စေရန်ဟူသည့် အချက်ငါးချက်ဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို များစွာ အထောက်အကူပြုခဲ့သော မူဖြစ်သည့်အတွက် နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် ခေတ်အဆက်ဆက် ဆွဲကိုင်သွားကြရမည့် မူများပင် ဖြစ်သည်။

မည်သည့်အကြောင်းကြောင့်ပင် ဖြစ်စေကာမူ စစ်ပွဲများဖြစ်ပေါ်လာရခြင်းသည် ကြိုဆိုအပ်သော အရာမဟုတ်။ စစ်၏ အနိဋ္ဌာရုံများသည်လည်း မြင်အပ်၊ ကြားအပ်သည်များ မဟုတ်သည့်အလျောက် ငြိမ်းချမ်းသည့်နည်းလမ်း၊ ပဋိပက္ခ ရှောင်ရှားသည့် နည်းလမ်းများဖြင့်သာ အဖြေရှာနိုင်ကြစေလိုသည်။ ရန်ငြိုးရန်စ၊ သံသယ၊ အာဃာတနှင့် အမုန်းတရားတို့ ဖယ်ရှားလွှင့်ပြယ်၍ ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းသာယာ ဝပြောနိုင်ပါစေကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆-၂-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၉) ၌ သူငယ်ချင်းကောင်းပီသသော ကိုအေးနှင့် ညိုလေးတို့အကြောင်းကို ရေးဖွဲ့ထားသည့် "အမေ့ကိုပေးလိုက်ပါ" မျက်နှာဖုံးကာတွန်း၊ ကလေးတို့အနေဖြင့် မြန်မာ့ရိုးရာလက်မှုလုပ်ငန်း တစ်ခုဖြစ်သည့် ပုသိမ်ထီးလုပ်ငန်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်းသွားရမည့် မြန်မာ့ရိုးရာပုသိမ်ထီးလုပ်ငန်း" သုတ ဆောင်းပါး၊ လူကြီးသူမများ၏ ဆုံးမစကားကို နာခံကာ မိမိနှင့်သင့်လျော်သောနေရာတွင် နေထိုင်သင့်ကြောင်း တင်ဆက်ထားသည့် "ပါစီလေး၏နေရာ" နှစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်လေးများပင်ဖြစ်သော်လည်း ကျေးဇူးရှင်အပေါ်တွင် ကျေးဇူးသိတတ်ပုံကို ရေးဖွဲ့ထားသည့် "သစ္စာရှိသော ငှက်ကလေးတွေ" ပုံပြင်၊ မိခင်၏စကားကို နားမထောင်ဘဲ ကလေးအတွေးဖြင့် မိမိထင်မြင်မိရာကိုလုပ်မိ၍ အမှားနှင့် ကြုံတွေ့ခဲ့ရသော ရွှေဖဲအကြောင်းကို တင်ဆက်ထားသည့် "ရွှေဖဲနှင့် ဖိနပ်တစ်ရံ" တစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် မိမိတို့ပြုလုပ်နေသော အမှားကို အချိန်မီပြင်ဆင်နိုင်ပါက ကောင်းကျိုးချမ်းသာရနိုင်ပုံကို အတုယူဖွယ် တင်ဆက်ထားသည့် "အခက်ဆုံးအလုပ် အလွယ်ဆုံးဖြစ်စေမည်" ဝတ္ထု၊ မြန်မာ့ရိုးရာ စွန်လွှတ်တမ်းကစားခြင်းသည် အကုန်အကျသက်သာကာ အချိန်မရွေးကစားနိုင်သော ကစားနည်းဖြစ်ကြောင်းကို တင်ဆက်ထားသည့် "ဘေဘီဗွတ်ကလုံ" နှစ်မျက်နှာကာတွန်း၊ ပန်းဆယ်မျိုးအကြောင်းကို ဆွေးနွေးနေကြသော သူငယ်ချင်းနှစ်ယောက် အကြောင်းကို တင်ဆက်ထားသည့် "ရိုးရာပန်းဆယ်မျိုး" နှစ်မျက်နှာကာတွန်း၊ Adjective နှင့် Adverb များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ဇော်ဝင်းထွန်း




## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၄-၂-၂၀၂၂) ညနေ ၆ နာရီအထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 2 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 3 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 4 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 5 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 6 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 7 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 8 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 9 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 10 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ စီမံချက်လျာထားချက်အတိုင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အကြံပြုသုံးသပ်ညှိနှိုင်း အစည်းအဝေးတက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ကြုံတွေ့လာသည့် အခက်အခဲများကြားမှ စီမံချက်လျာထားချက်အတိုင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အကြံပြုသုံးသပ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နောင်လာမည့် ရွေးကောက်ပွဲတွင် နိုင်ငံသားဆိုင်ရာ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် စိစစ်ချက်အရ ၁၆ နှစ်နှင့် အထက်ရှိသူ ၃ ဒသမ ၄ သန်းကျော်ကို ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရန် ပန်းခင်းစီမံချက် ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ရမည့် စီမံချက်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် သတ်မှတ်ကာလအတွင်း လျာထားသတ်မှတ်အရေအတွက် ပြီးစီးအောင်မြင်အောင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒေသအာဏာပိုင်များ၊ အခြားသော ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**တွေးတောကြံဆဆောင်ရွက်**

ယခုအခါ စီမံချက်ကာလ ၁၀ လကြာ ရှိပြီဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့သည် တိုင်းလုံးကျွတ် လျာထားချက်ရာနှုန်းပြည့် ပြီးစီးအောင်မြင်ပြီး ဖြစ်ပါကြောင်း၊ လျာထားချက်ရာနှုန်းပြည့် မပြီးစီးသေးသော်လည်း လျာထားချက်၏ ၉၀ ရာခိုင်နှုန်းအထက် ပြီးစီးမှုမှာ မကွေး၊ တနင်္သာရီနှင့် မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်ပါကြောင်း၊ လက်ရှိကာလအထိ ပြီးစီးရမည့် လျာထားချက်အောက်တွင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ရှိနေသည်ကို တွေ့ရပါကြောင်း၊ ကြုံတွေ့လာသည့် အခက်အခဲအဟန့်အတားများကို ဖြစ်နိုင်သမျှ နည်းလမ်းများရှာကြံကာ လျာထားချက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် အဓိကကျသည့် နောက်ဆုံးအချက်ကို အကောင်အထည်ဖော်နိုင်ရန်မှာ ပန်းခင်းစီမံချက် အောင်မြင်ရေးသည် အရေးတကြီးလိုအပ်ချက်ဖြစ်သည်ကို စွဲမြဲမှတ်ယူကြရန်လိုကြောင်း၊ ထို့ကြောင့် စီမံချက်လျာထားချက် ရာနှုန်းပြည့် ပြည့်မီကျော်လွန်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ဒေသအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်ကာ ဆောင်ရွက်ရန် ကျန်ရှိသည့် ဒေသများကို အကွက်အလိုက်၊ နယ်မြေအလိုက် သတ်သတ်မှတ်မှတ်စုစည်းကာ ဌာနပေါင်းစုံ စုဖွဲ့ ကွင်းဆင်း၍ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည့်နည်းများကို တွေးတောကြံဆဆောင်ရွက်ကြရန်လိုကြောင်း၊ ယခု ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများကလည်း စီမံချက် လုပ်ငန်းဆောင်ရွက်များနှင့် ပတ်သက်၍ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းနှင့် အကြံဉာဏ်များ၊ လုပ်နည်းလုပ်ဟန်များကို အကြံပြုသုံးသပ်ဆွေးနွေးပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ပန်းခင်းစီမံချက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဌေးလှိုင်နှင့် အဖွဲ့ဝင်များ ညှိနှိုင်းပေါင်းစပ်ရေးလုပ်ငန်းကော်မတီ၊ မီဒီယာလုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆိုင်ရာလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေး တင်ပြကြသည်။

**မဖြစ်မနေဝိုင်းဝန်းကြိုးပမ်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မိမိတို့ဌာနအနေဖြင့် ပန်းခင်းစီမံချက်အပြင်၊ e-ID စနစ်ဆိုင်ရာ ကိစ္စရပ်များ၊ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ရေး၊ ပန်းခင်းစီမံချက်ကို သတ်မှတ်ကာလအတွင်း လျာထားချက်အတိုင်း အောင်မြင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုကို မျက်ခြည်မပြတ်စောင့်ကြည့်ကာ အားလုံးက မဖြစ်မနေဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



ဂဲမိုးအိုင်ခရီးစဉ်ဒေသရှိ သဘာဝကျောက်ဆောင်များကို တွေ့ရစဉ်။

***○ရှေ့ဖုံးမှ***

ပုပ္ပားတောင်မကြီး တောင်ဘက်ခြမ်းအား ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ စိတ်ဝင်စားမှု မြင့်တက်လာနိုင်ပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေသည့်အပြင် သဘာဝတော၊ တောင်၊ ရေ၊ မြေကိုလည်း မြတ်နိုးချစ်ခင်တန်ဖိုးထားစေလာနိုင်ရန် ရည်ရွယ်ပြီး ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ရခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်(ပုဂံရုံးခွဲ)က ရှင်းပြသည်။

ဂဲမိုးအိုင်ဒေသသစ် ခရီးစဉ်တွင် ဂဲမိုးအိုင်၊ လက်ငါးချောင်းအိုင်၊ ဂဲတစ်လုံးစို့နေရာ၊ ဗျောဗျောကျအိုင်၊ စကောဝိုင်းအိုင်၊ ကျောက်သားလျှိုမြောင်တစ်လျှောက်ဝင်ရောက်၍ သဘာဝအခြေခံခရီးစဉ်တစ်ခုကို လက်တွေ့ခံစားကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့ မြောက်ကျောက်အိုးရှိဒေသခံများအခေါ် ကြီးမားသည့် ကျောက်ဖျာကြီးများပေါ် ရေစီးဆင်းခဲ့ရာမှ ရေလှောင်ကန်ပုံသဏ္ဌာန်ဖြစ်ပေါ်နေခြင်းကြောင့် ကျောက်အိုးခေါ်တွင်ကြောင်း၊ ဂဲမိုးအိုင်ဟု ဒေသခံများ ခေါ်တွင်ရခြင်းမှာ ရေအိုင်ကြီးပေါ် ကြီးမားသည့် (ကျောက်တုံးအမိုး) ဂဲကြီးမိုးနေသည့်အတွက် ဂဲမိုးအိုင်ဟု ခေါ်တွင်ကြောင်း၊ ဂဲတစ်လုံးစို့အိုင်သည် လျှိုမြောင်ကျောက်ရိုး တစ်ဖက်တစ်ချက်၏ အလယ်တွင် ကြီးမားသည့် ကျောက်တုံးကြီးတည်ရှိနေခြင်းကြောင့် ဂဲတစ်လုံးစို့အိုင်ဟု ခေါ်တွင်ခဲ့ကြောင်း၊ စကောဝိုင်းအိုင်သည် ယခင်ရေစီးကြောင်းတည့်တည့်တွင် ဝိုင်းစက်စက်အနေအထား ဖြစ်နေသည့်အတွက် စကောဝိုင်းအိုင်ဟု ခေါ်တွင်ခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ခရီးစဉ်ဒေသများအနေဖြင့် လဲဂွကျေးရွာနှင့် လက်ပံအိုင့်ကျေးရွာ ပတ်ဝန်းကျင်၏ တောင်ဘက် ၂ မိုင်ခန့်အကွာ မဟာဗောဓိငါးထောင် (မတ်တစ်ထောင်တောင်တန်း)နှင့် ကြက်မောက်တောင်ဆည်၊ အနောက်ဘက် ၁ မိုင်ခန့်အကွာ ငွေတွင်းတောင်တောင်တန်းတွင် ဘုရားလေးဆူအား ဖူးမြော်နိုင်ပြီး မြောက်ဘက် ၂ ဖာလုံအကွာတွင် နှစ်ပေါင်း ၉၀ ကျော်ခန့်ရှိ မပုပ်မသိုးရုပ်ကလာပ်တော် ဦးစန္ဒမထေရ် (ရဟန္တာ)နှင့် လဲဂွရွာ ရွှေနတ်တောင်ကုန်းပေါ်တွင် တည်ထားသည့် ရွှေနတ်တောင်စေတီဘုရားစုကို ဖူးမြော်နိုင်ပေသည်။ အဆိုပါ ရွှေနတ်တောင်စေတီသမိုင်းအား ရွာထဲရှိ သက်ကြီးဘိုးဘွားများ၏ တစ်ဆင့်စကားအရ ရွှေဖျင်းညီနောင်ညီအစ်ကိုနှစ်ဦး ရွှေနတ်တောင်ဘုရားပွဲတိုင်းလာရောက် ဆွမ်းကပ်၊ ပျော်စံသည့်ဘုရားဖြစ်ကြောင်းလည်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအလွန် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများနှင့် သင့်လျော်သည့် ခရီးစဉ်ဒေသအသစ်များ၊ ရှာဖွေဖော်ထုတ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန်နှင့် ပြည်တွင်း ပြည်ပ ခရီးသွားများ တောတောင်ရေမြေ သဘာဝအလှအပများကို ခံစားနိုင်စေရန် ရည်ရွယ်၍ ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ စပါးကြိတ်ခွဲသန့်စင်စက်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံ(ရေဆင်း) ပုံမှန်လည်ပတ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကိုရီးယားနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် စပါးကြိတ်ခွဲသန့်စင်စက်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



**တတ်နိုင်သမျှ ဖြည့်ဆည်းပေးမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကိုရီးယားနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် တစ်ရက်လျှင် စပါးတန် ၂၀ ကြိတ်ခွဲသန့်စင်နိုင်မည့် စက်ရုံသို့ ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းမှ စက်ရုံအား စွမ်းအားပြည့် လည်ပတ်အသုံးချနိုင်ရေး၊ ဆောင်ရွက်ပေးထားသည့် ဆန်စက်ကို ပြည်သူများ အကျိုးရှိစွာအသုံးချပြီး ကျေးလက်တောင်သူ ဝင်ငွေတိုးပွားရေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များရှိပါက အစီအမံများ ရေးဆွဲတင်ပြပေးရန်နှင့် လိုအပ်ချက်များအပေါ် မိမိတို့ဝန်ကြီးဌာနမှ တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်ရုံစဉ်ဆက်မပြတ် လည်ပတ်နိုင်ရေး အရင်းအနှီးငွေကြေးများ ရရှိအောင်၊ ဈေးကွက်ရရှိအောင် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အသင်းသား ၁၃၅ ဦး၏ ဧက ၅၀၀ ကျော်ကို Contract Farming စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက မိမိအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်ရုံသို့ တောင်သူများ အခက်အခဲမရှိ လာရောက်ကြိတ်ခွဲနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်မှ စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားကာ စက်ရုံအတွင်းရှိ လည်ပတ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စပါးကြိတ်ခွဲသန့်စင်စက်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံကို ကိုရီးယားနိုင်ငံ၏ နည်းပညာအကူအညီ၊ ငွေကြေးအထောက်အပံ့ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါစက်ရုံတွင် စပါးတင်း ၆၀၀၀၀ သိုလှောင်နိုင်ကာ တစ်ကြိမ်လျှင် စပါးတင်း ၂၀၀၀ အခြောက်ခံပေးနိုင်၍ တစ်ရက်လျှင် စပါးတန် ၂၀ နှင့် ညီမျှသည့် စပါးတင်း ၁၀၀၀ ကို ကြိတ်ခွဲသန့်စင်ပေးနိုင်ကြောင်း၊ စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ရှိ တစ်ရက်လျှင် စပါးတန် ၂၀ နှင့်ညီမျှသည့်စပါးတင်း ၁၀၀၀ ကိုကြိတ်ခွဲသန့်စင်ပေးနိုင်သော မင်းဆက်စံဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေး စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြိမ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စတုတ္ထနေ့ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

အကြိမ် (၅၀) မြောက် ရွှေရတု အထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စတုတ္ထနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဗိုဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာနတွင် ဆက်လက်ကျင်းပသည်။ **(ယာပုံ)**




နံနက်ပိုင်းတွင် မြန်မာပြည်အတွက် အရည်အသွေးပြည့်ဝ၍ တောင့်တင်းခိုင်မာသည့် ကျန်းမာရေး လူ့စွမ်းအားများ ဖြစ်ပေါ်တည်တံ့ရေးအတွက် ရည်ရွယ်လျက် အရည်အချင်းပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များနှင့် အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံနိုင်မည့် ကျန်းမာရေး ပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှုနှင့် လက်တွေ့ပူးပေါင်း စောင့်ရှောက်မှုစနစ်ဆိုင်ရာ "Inter-professional Education (IPE) and Inter-professional Collaborative Practice (IPCP): Promise for Quality Health Workforce and Quality Healthcare" ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပရာ သဘာပတိများအဖြစ် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ တင်ထွန်းနှင့် သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် (အငြိမ်းစား) ပါမောက္ခ ဒေါက်တာ မြတ်သန္တာ တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် ဆေးတက္ကသိုလ် (၂) ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ အေးအေးခင် က "Navigating the Integration of IPE into Medical and Allied Health Training Programs: How far have we reached?" ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာ သင်ယူမှုဆိုင်ရာကဏ္ဍအား လက်ရှိ ဆေးပညာနှင့် ဆေးဘက်ဆိုင်ရာသင်တန်းများတွင် ပေါင်းစပ်ပါဝင်ဆောင်ရွက်ခဲ့ပုံများ၊ သူနာပြုတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ပါမောက္ခ ဒေါက်တာ ညီညီဌေးက "Implementation of IPCP: Possibilities and Challenges" ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာရှင်များအကြား လက်တွေ့ပူးပေါင်းလျက် စောင့်ရှောက်မှုတွင် တွေ့ရသည့် အားသာချက်များ၊ စိန်ခေါ်မှုများကိုလည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်စိုးညွန့်က "Way forward: Team Collaboration and Organizational Support" ခေါင်းစဉ်ဖြင့် IPE နှင့် IPCP ကဏ္ဍအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ အသင်းအဖွဲ့များ၊ WHO၊ INGO များနှင့် ပူးပေါင်းအကောင်အထည်ဖော်ခဲ့မှုများနှင့် ရည်ရွယ်ချက် အောင်မြင်နိုင်ရန်နောင်အနာဂတ်တွင် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များအား ဆွေးနွေးတင်ပြ အသိပညာဖလှယ်ခဲ့ကြရာ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာကြသော ပါမောက္ခများနှင့် ဆေးပညာရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် စာတမ်းဖတ်ပွဲများကို (Parallel Session) ဖြင့် တစ်ပြိုင်တည်း ကျင်းပရာ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မိုးခိုင်၊ ဆေးတက္ကသိုလ် (၁) မှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာသင်းသင်းနွယ်၊ ဆေးတက္ကသိုလ် (၂) မှ ပါမောက္ခ/ဌာနမှူးပါမောက္ခ ဒေါက်တာခင်မေသင်း၊ ဆေးတက္ကသိုလ် (၁) မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ ချိုချိုဦး၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်ထူးဖေ၊ ဆေးတက္ကသိုလ် (၁) မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ မြသန္တာစိန်၊ ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာစန္ဒာကျော်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသနစာတမ်းပေါင်း ၂၀ ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တင်ပြကြသည်။ စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းသူများကလည်း ဗီဒီယိုကွန်ဖရင့်စနစ်တွင်ပါရှိသည့် သတ်မှတ်နေရာ (Chat Box) မှတစ်ဆင့် မေးမြန်းဆွေးနွေးကြပြီး စာတမ်းရှင်များက ပြန်လည်ဖြေကြားပေးကြသည်။

ညီလာခံ၏ အင်တာနက်စာမျက်နှာဖြစ်သည့် (https://conference.myanmardmr.org) တွင် သုတေသနပိုစတာများကို အီလက်ထရွန်နစ်ပိုစတာ (E-poster) ပုံစံဖြင့် ပြသထားပြီး အဆိုပါအင်တာနက်စာမျက်နှာတွင် ညီလာခံသို့တက်ရောက်လိုသူများ အနေဖြင့် အခမဲ့စာရင်းပေးသွင်း မှတ်ပုံတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ညီလာခံနောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး သမဝါယမကဏ္ဍမှ စပါးဝယ်ယူရေး ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄** သမဝါယမကဏ္ဍမှ စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ အောင်လံ၊ ပွင့်ဖြူနှင့် မင်းဘူးမြို့နယ်များမှ သမဝါယမအသင်းများက တောင်သူများ စိုက်ပျိုးထားသည့် မနောသုခစပါးတင်း ၉၀၀၊ ရတနာတိုးစပါးတင်း ၆၀၀ နှင့် ဧည့်မထစပါးတင်း ၅၀၀ စုစုပေါင်း စပါးတင်း ၂၀၀၀ ကို ဝယ်ယူခဲ့သည်။ ထိုသို့ စပါးဝယ်ယူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် စပါးများရောင်းချရာတွင် သင့်တင့်မျှတသော ဈေးနှုန်းများရရှိကာ တောင်သူများ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

*✻ ရွှေ့ဖုံးမှ*
**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ခရီးသွားလုပ်ငန်း သုတေသနစင်တာပရောဂျက်နှင့် ကိန်းဂဏန်းဆိုင်ရာ သုတေသနသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

"ခရီးသွားလုပ်ငန်း သုတေသနစင်တာပရောဂျက်နှင့် ကိန်းဂဏန်းဆိုင်ရာ သုတေသနသင်တန်း"ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးယူနစ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်နှင့် မန္တလာတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ သင်တန်းသား/သင်တန်းသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

**အဓိကအရင်းအမြစ်တစ်ခုပင်ဖြစ်**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပညာရေးမြှင့်တင်ရေးနှင့် မဲခေါင်–လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးစသော ရည်မှန်းချက်များဖြင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်သွားမည့် စီမံကိန်း ၂၁ ခု၌ ခရီးသွားကဏ္ဍမှ ယခုခရီးသွားလုပ်ငန်းသုတေသနစင်တာ တည်ထောင်ဖွင့်လှစ်ရန် စီမံကိန်းတစ်ခုပါဝင်ကြောင်း၊ ခရီးသွားလုပ်ငန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံခြားငွေရှာဖွေပေးသော အဓိကအရင်းအမြစ်တစ်ခုပင်ဖြစ်ကာ ကမ္ဘာပေါ်တွင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနေသော လုပ်ငန်းတစ်ခုပင်ဖြစ်ပါကြောင်း။

**များစွာအထောက်အပံ့ရရှိ**

ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနများ ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်မြှင့်တင်ရေး အချက်အလက်များ ဖော်ထုတ်နိုင်ခြင်း၊ ခရီးသွားလုပ်ငန်း ထုတ်ကုန်အသစ်များနှင့် ရည်မှန်းဈေးကွက်များ ရှာဖွေနိုင်ခြင်း၊ မဟာဗျူဟာမြောက် ခရီးသွားလုပ်ငန်းအစီအစဉ်များ ချမှတ်ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် ကိန်းဂဏန်းဆိုင်ရာ သုတေသနသင်တန်းကို စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ကာ ဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်း သင်တန်းသား ၄၀၊ တက္ကသိုလ်နှင့် ကောလိပ်တို့မှ ဆရာ ဆရာမများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၅၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းနှင့် သင်တန်းမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အပံ့ရရှိစေမည်ဖြစ်ပြီး ကူညီပံ့ပိုးပေးပါသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က ယခုခရီးသွားလုပ်ငန်းသုတေသနစင်တာ တည်ထောင်ခြင်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့တစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးယူနစ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းက မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးက ခရီးသွားလုပ်ငန်းသုတေသနစင်တာ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် ထွက်ပေါ်လာမည့် ရလဒ်များအား ရှင်းလင်းတင်ပြသည်။

ခရီးသွားလုပ်ငန်းသုတေသနစင်တာ စီမံကိန်းမှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ တစ်နှစ်စီမံကိန်းဖြစ်ပြီး စင်တာနှင့် သုတေသနလုပ်ငန်းအဖွဲ့တို့ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များကို စစ်တမ်းကောက်ယူခြင်း၊ စိစစ်လေ့လာခြင်း၊ သုတေသနပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ–၅ ၌ ဖော်ပြခဲ့သော မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေဖြစ်သော Dr. Christopher Staker ၏ ရှင်းလင်းချက်၏ စာပိုဒ် ၃၀ တွင် ဖော်ပြခဲ့သော "၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ တွင် ဂမ်ဘီယာနိုင်ငံ၏ တရားရေးဝန်ကြီးကိုယ်တိုင် ဤအမှုအား OIC မှ စတင်ဆောင်ရွက်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်" ဟူသော စာကြောင်းတွင် **"၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ"** အစား **"၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ"**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်ဆိပ်ကမ်းများမှ Waki Super Massage Master II ၁၄ ခု၊ Disposable Gown ၃၂၈ ခု၊ Plaster ၃၂ ခု၊ Oxygen Plant နှစ်ခု၊ ဆေးဝါးမျိုးစုံ ၅၀ စုစုပေါင်း ၁၄၀၆၈၄ ဒသမ ၁၂ Kg၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုမှ Surgical Gown ၇၀၀၀ kg၊ Oxygen Regulator ၁၆၂၀၀၊ နှာခေါင်းစည်း ၈၀၀ Kg တို့ကို ထုတ်ပေးကြောင်း သိရသည်။

**သတင်းစဉ်**



## တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော ကရင်ပြည်နယ်အသင်းအား ဂုဏ်ပြု

**ဘားအံ ဖေဖော်ဝါရီ ၂၄**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော ကရင်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)အသင်းအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၁ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ် အေရိုးဗစ်အသင်းအနေဖြင့် အမျိုးသမီးငါးယောက်တွဲနှင့် တစ်ဦးချင်းပြိုင်ပွဲတို့တွင် အဆင့်(၄)နှင့် သုံးယောက်တွဲပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုတို့ကို ရယူပေးခဲ့သည့် အောင်မြင်မှုကို အသိအမှတ်ပြုသည့် အနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ၏ စိတ်ဝင်စားအားပေးထောက်ပံ့မှု ပြိုင်ပွဲဝင်အားကစားသမားများ၏ အောင်မြင်မှုကို လိုလားသည့် စိတ်ဓာတ်ဖြင့် ကြိုးစား ယှဉ်ပြိုင်ခဲ့မှုတို့ကြောင့် ယခုကဲ့သို့ ဆုတံဆိပ်များကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုရရှိခဲ့သော အောင်မြင်မှုအပေါ် တင်းတိမ်ရောင့်ရဲမှု ရှိမနေဘဲ အားနည်းချက် အားသာချက်များကို ဆန်းစစ်သုံးသပ်၍ လာမည့်နှစ် ပြိုင်ပွဲများတွင် ယခုထက် ပိုမိုသည့် အောင်မြင်မှုများရရှိအောင် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းလေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော အားကစားသမားများအား တစ်ဦးချင်းဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကိုက ကရင်ပြည်နယ် အေရိုးဗစ်အသင်း၏ နည်းပြနှင့် အုပ်ချုပ်သူတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၏ ဇနီးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ ဇနီးတို့က အမျိုးသမီး ငါးယောက်တွဲပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲတို့တွင် အထူးဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နန်းဘေဘီမြင့်က အမျိုးသမီးငါးယောက်တွဲပြိုင်ပွဲတွင် အထူးဆုရရှိသော အားကစားသမားများကို လည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက တစ်ဦးချင်းပြိုင်ပွဲတွင် အထူးဆုရရှိသော အားကစားသမားကို လည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက သုံးယောက်တွဲပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော အားကစားသမားများကို လည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# Genocide Convention အရ လျှောက်ထားသောအမှု (ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် PROFESSOR MR STEFAN TALMON ၏ ပထမအကြိမ်လျှောက်လဲချက် ကနဦးကန့်ကွက်လွှာ ဒုတိယအချက်

**နိဒါန်း**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၁။ ကျွန်တော့်အနေဖြင့် တရားရုံးတော်ရှေ့မှောက်၌ လျှောက်လဲခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

၂။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာ ဒုတိယအချက်ကို တင်သွင်းမှာဖြစ်ပါတယ်။

၃။ ယခုအမှုအား Genocide Convention အရ တရားရုံးကို ရောက်လာတဲ့အခြားအမှုတွေနဲ့ ဤအမှုမတူညီကြောင်းကို ဦးစွာ ပဏာမပြောချင်ပါတယ်။ ဂမ်ဘီယာသည် ၎င်း၏ နိုင်ငံပြင်ပ၌ရှိသော နိုင်ငံသားမဟုတ်သည့်သူများနဲ့စပ်လျဉ်းပြီး လူမျိုးသုဉ်းမှုကို ကျူးလွန်လျက်ရှိကြောင်းဖြင့် စွပ်စွဲလျက်ရှိနေပါတယ်။ ဂမ်ဘီယာနှင့်အမှုဖြစ်ပွားရသည့် အကြောင်းအရာမှာ မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ။

၄။ ဤအမှုတွင် ၎င်းအချက်များအပေါ်မူတည်၍ ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုရခြင်းအကြောင်းအပေါ် မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။

**အပြည်ပြည်ဆိုင်ရာဥပဒေကြောင်းအရ တရားစွဲဆိုနိုင်ရန်အတွက် လိုအပ်ချက်များ**

၅။ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေအရ တောင်းဆိုမှုများကို ပြုလုပ်ရန် အခြေခံကျသည့် စည်းကမ်းချက်တစ်ခုမှာ တောင်းဆိုသည့်နိုင်ငံတွင် တောင်းဆိုမှု ပြုလုပ်နိုင်သည့် ရပ်တည်မှုအခြေအနေ ရှိရမယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ မိမိဘက်က ရပ်တည်မှုအနေအထားတစ်ရပ်ရှိမှ တရားရုံးရှေ့မှောက်၌တောင်းဆိုနိုင်သည့်အခွင့်အရေးရနိုင်မှာဖြစ်ပါတယ်။ တောင်းဆိုနိုင်သော အကြောင်းအရာများတွင် ထိုသို့သော တစ်နိုင်ငံချင်းစီ၏ ထိခိုက်နစ်နာမှုသို့မဟုတ် တစ်နိုင်ငံချင်းစီ၏ တရားဝင်အကျိုးစီးပွားကို ပြသရန်လိုအပ်မှာ ဖြစ်ပါတယ်။ ယင်းကဲ့သို့ တစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွားသည် မည်သည့်နိုင်ငံကမဆို တောင်းဆိုနိုင်သည့် အထွေထွေအကျိုးစီးပွားနှင့် ကွဲပြားနေမှာဖြစ်ပါတယ်။

၆။ တရားရုံးရှေ့မှောက်တွင် အပြည်ပြည်ဆိုင်ရာ တာဝန်ရှိမှုများအတွက် ချိုးဖောက်မှုတစ်ခုခုအပေါ် အများကိုယ်စား တရားစွဲဆိုဆောင်ရွက်ပေးခြင်းဆိုတဲ့သဘောတရားကို အပြည်ပြည်ဆိုင်ရာဥပဒေက လက်ခံထားခြင်းမရှိပါဘူး။ ယင်းအချက်ကို ဂမ်ဘီယာနိုင်ငံက လက်ခံထားပါတယ်။

၇။ အပြည်ပြည်ဆိုင်ရာ တာဝန်ရှိမှုများအတွက် ချိုးဖောက်မှုတစ်ခုခုကြောင့် နစ်နာမှုကို ခံစားရတဲ့နိုင်ငံက အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ တောင်းဆိုမှုပြုလုပ်နိုင်သည်ဆိုခြင်းကို မေးခွန်းထုတ်နေစရာမလိုပါဘူး။ သို့သော် ဂမ်ဘီယာနိုင်ငံသည် နစ်နာသည့်နိုင်ငံမဟုတ်သဖြင့် တောင်းဆိုပိုင်ခွင့်မရှိပါ။

၈။ နစ်နာသည့်နိုင်ငံမဟုတ်သည့် ဂမ်ဘီယာနိုင်ငံအနေဖြင့် တရားရုံးကိုတင်ပြတိုင်တန်းနိုင်ဖို့ဆိုရင် တောင်းဆိုမှု၏အဓိကအကြောင်းခြင်းရာဖြစ်သော နိုင်ငံ၏ ဥပဒေကြောင်းအရ အကျိုးစီးပွားရှိသည်ဟု ထုတ်ဖော်ပြသရန်လိုအပ်ပါတယ်။ အဆိုပါအကြောင်းကို ဂမ်ဘီယာနိုင်ငံမှ တင်ပြနိုင်ခြင်းမရှိပါ။

၉။ မိမိတောင်းဆိုသည့်အကြောင်းကိစ္စရပ်ဆိုသည်မှာ တရားရုံးသို့ တင်သွင်းမှုအပေါ်ကနေ အဆုံးအဖြတ်ခံယူရတာဖြစ်ပါတယ်။ အနှစ်သာရအားဖြင့် မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ထိခိုက်ခံစားခဲ့ရသောသူများအပေါ် လူမျိုးပြုန်းတီးစေသောအမှုအား ကျူးလွန်သည်ဟု စွပ်စွဲချက်အပေါ် မြန်မာနိုင်ငံက Genocide Convention ကို ချိုးဖောက်သဖြင့် တာဝန်ရှိကြောင်း တရားရုံးက ကြေညာပေးရန် ဂမ်ဘီယာက တောင်းဆိုခြင်းဖြစ်ပါတယ်။

၁၀။ နစ်နာမှုမရှိသည့်နိုင်ငံတစ်နိုင်ငံသည် Genocide Convention ပါ ပြဋ္ဌာန်းချက်များနှင့် အကျိုးဝင်သက်ဆိုင်နေသော အခြေအနေရှိမှသာလျှင် တရားရုံးရှေ့မှောက်တင်ပြနိုင်မှာဖြစ်ရာ ၎င်းကို အောက်ဖော်ပြပါအတိုင်း ကောက်ချက်ချနိုင်ပါတယ်-



> ပထမအချက်အနေဖြင့် အခြားနိုင်ငံတစ်နိုင်ငံ၏ တာဝန်ချိုးဖောက်မှုသည် မိမိနိုင်ငံသားများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဓိက အကျိုးစီးပွားအပေါ်ထိခိုက်မှုမရှိလျှင်တောင်မှ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများအရ လိုက်နာဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံအနေနဲ့ ဥပဒေဆိုင်ရာ အကျိုးစီးပွားတစ်ရပ် သီးခြားရှိနေဖို့ လိုပါတယ်။
>
> ဒုတိယအချက်အနေဖြင့် ဆိုခဲ့သည့် ဥပဒေဆိုင်ရာအကျိုးစီးပွားတွင် ကွန်ဗင်းရှင်း၏ အပိုဒ် ၈ အရ ကုလသမဂ္ဂ၏ အဓိကအဖွဲ့အစည်းများတွင် ဖြေရှင်းနိုင်သည်သာမက တရားရုံးရှေ့မှောက်တွင် ဥပဒေကြောင်းအရ တရားစွဲဆိုမှုကိုလည်း ပြုလုပ်နိုင်ခြင်းဖြစ်ပါတယ်၊

၁၁။ လူသားချင်းထောက်ထားစာနာမှုဆိုင်ရာ ယူဆချက်တွေဟာ ဥပဒေဆိုင်ရာအခွင့်အရေးနှင့် တာဝန်တွေကို လုပ်ယူဖန်တီးဖို့ လုံလောက်တဲ့ အကြောင်းတရားတွေမဟုတ်ပါဘူး။ တရားရုံးက ဖော်ပြခဲ့သလိုပါပဲ "အမှားအမှန်ခွဲခြားနိုင်သော မူသဘောကို ထည့်သွင်းစဉ်းစားပေးနိုင်သည်မှာ တရားရုံး၏ဥပဒေဖြစ်ပြီး ဥပဒေကဖော်ပြပေးထားသလောက်သာ ထည့်သွင်းစဉ်းစားပေးနိုင်တာဖြစ်ပါတယ်။"

၁၂။ ဒါကြောင့် တရားရုံးကဆုံးဖြတ်ရမည့်ပြဿနာမှာ Genocide Convention ကို လိုက်နာရာမှာ နိုင်ငံရေးဆိုင်ရာနဲ့ လူသားချင်းစာနာမှုဆိုင်ရာ အကျိုးစီးပွားမျှသာမဟုတ်ဘဲ ဥပဒေဆိုင်ရာ အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားတစ်ရပ်ရပ်ကို ဂမ်ဘီယာနိုင်ငံသို့ အပ်နှင်းပါသလား၊ မြန်မာနိုင်ငံက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ထိခိုက်ခံရသူတို့အပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ကြောင်း စွပ်စွဲခြင်းဖြင့် Genocide Convention ကို ချိုးဖောက်ကြောင်းစွပ်စွဲချက်အပေါ် မြန်မာနိုင်ငံက တာဝန်ရှိသည်ဟု တရားရုံးက သတ်မှတ်ကြေညာရန် ဂမ်ဘီယာနိုင်ငံက တောင်းဆိုခွင့်ရှိပါသလားဟုဆိုသော အချက်ဖြစ်ပါတယ်။

၁၃။ ဂမ်ဘီယာနိုင်ငံက အဆိုပါဥပဒေဆိုင်ရာ အခွင့်အရေးမရှိခဲ့လျှင် ၎င်းအနေဖြင့် အမျိုးမျိုးသောစွပ်စွဲချက်များ ရှိခဲ့လျှင်တောင်မှ တောင်းဆိုချက်အတိုင်း ကြေညာပေးရန် ဆောင်ရွက်နိုင်သည့် အခြေအနေမရှိပါ။

**ဂမ်ဘီယာနိုင်ငံတွင် ဥပဒေဆိုင်ရာအခွင့်အရေးမရှိခြင်း**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၁၄။ Genocide Convention တွင် အဖွဲ့ဝင်နိုင်ငံများအား မိမိနိုင်ငံပြင်ပရှိ မိမိနိုင်ငံသားမဟုတ်သောသူများအပေါ် လူမျိုးသုဉ်း သတ်ဖြတ်ခြင်းကို ကျူးလွန်လျက်ရှိကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများ၏ တစ်နိုင်ငံချင်းစီတွင် ဥပဒေဆိုင်ရာ အခွင့်အရေးဖြစ်စေ၊ အကျိုးခံစားခွင့်ဖြစ်စေ ပေးအပ်ထားခြင်းမရှိကြောင်းကို မြန်မာနိုင်ငံက တင်ပြထားပါတယ်။ ကွန်ဗင်းရှင်းတွင် တရားရုံးအနေဖြင့် စာချုပ်ဝင်နိုင်ငံများအား ကြီးကြပ်ဆောင်ရွက်နိုင်သော အထွေထွေတရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာကဲ့သို့ပြုနိုင်ကြောင်း ဖော်ပြချက်မျိုးမရှိကြောင်း တွေ့ရှိရပါတယ်။

**နိုင်ငံအများနှင့် နိုင်ငံတစ်နိုင်ငံချင်းစီဆိုင်ရာ ဥပဒေအကျိုးခံစားခွင့် ကွဲပြားခြားနားချက်**

၁၅။ အခြေအနေအရပ်ရပ်အားလုံးတွင် Genocide Convention အရ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများ၌ တစ်နိုင်ငံချင်းစီက စောင့်ထိန်းရန်တာဝန်ရှိခြင်းကြောင့် စာချုပ်အဖွဲ့ဝင် တစ်နိုင်ငံစီတွင် တစ်နိုင်ငံချင်းစီအလိုက် ဥပဒေကြောင်းအရ အကျိုးခံစားခွင့်ရှိခြင်းနှင့်စပ်လျဉ်း၍ တရားရုံးက မည်သည့်အခါကမျှ ဖော်ပြခြင်းမရှိခဲ့ကြောင်းကို အလျဉ်းသင့်၍ မိမိ၏တွေ့ရှိချက်ကို တင်ပြလိုပါတယ်။ Genocide Convention တွင် ခွင်းချက်ထားခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏အကြံပြုချက်တွင် အောက်ပါအတိုင်း ဖော်ပြထားခဲ့ပါတယ်-

> "ဤသို့သောကွန်ဗင်းရှင်းတွင် စာချုပ်ဝင်နိုင်ငံများသည် ၎င်းကိုယ်ပိုင်အကျိုးစီးပွားခံစားခွင့်မရှိဘဲ ၎င်းတို့တွင် ကွန်ဗင်းရှင်း၏ အဓိကရည်ရွယ်ချက် ပြီးမြောက်အောင် ဆောင်ရွက်ခြင်းအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သည့် အကျိုးစီးပွား (Common Interest) တစ်ခုတည်းသာ ရှိပါသည်။ "

၁၆။ ယခုအမှုနှင့်စပ်လျဉ်း၍ တရားရုံး၏ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်တွင် တရားရုံးက အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်ထားပါတယ်-

> "Genocide Convention ၏အဖွဲ့ဝင်နိုင်ငံများအားလုံးသည် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကာကွယ်ရန် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သောအကျိုးစီးပွား (Common Interest) ရှိရန်လိုအပ်ပြီး ဖြစ်ပွားခဲ့ပါကလည်း ပြုလုပ်သူများကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် မပေးသင့်ပါ"

၁၇။ ကွန်ဗင်းရှင်း၏ အဓိကရည်ရွယ်ချက်များကို ပြီးပြည့်စုံအောင် ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သက်ဆိုင်သော အကျိုးစီးပွား (Common Interest)သည် တရားရုံးရှေ့မှောက်တွင် အတည်ပြုရန်အတွက် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာအကျိုးခံစားခွင့်နှင့် တူညီမှုမရှိပါဘူး။ ၁၉၅၁ ခုနှစ်က တရားရုံး၏အကြံပြုချက်တွင် Genocide Convention ကို ခြွင်းချက်ထားခြင်းအပေါ် ကန့်ကွက်ရာတွင် တရားရုံးက လက်မှတ်ရေးထိုးအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သက်ဆိုင်သော အကျိုးစီးပွား (Common Interest)နှင့် လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဥပဒေဆိုင်ရာအကျိုးခံစားခွင့်တို့အကြား ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြထားပြီးဖြစ်ပါတယ်။

၁၈။ Genocide Convention ၏ အပိုဒ် ၆ နှင့် အပိုဒ် ၇ တွင် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သက်ဆိုင်သောအကျိုးစီးပွား (Common Interest) ၏စကားရပ်အား အကန့်အသတ်ဖြင့် ဖော်ပြထားပါတယ်။ အဆိုပါဖော်ပြချက်များသည် စာချုပ်ဝင်နိုင်ငံများအား မိမိတို့နယ်မြေ၏ ပြင်ပတွင်ဖြစ်ပွားသော လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူများကို အရေးယူဆောင်ရွက်နိုင်ရန် အခွင့်အာဏာပေးအပ်ထားခြင်းမရှိသည့်အပြင် ထိုသို့သောကျူးလွန်မှုများအတွက် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုပိုင်ခွင့်လည်းမပေးထားပါ။

၁၉။ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ က ဆုံးဖြတ်ခဲ့သည့် Bosnian Genocide အမှုမှာ တရားရုံးမှ လျှောက်ထားသူ၏ နယ်နိမိတ်ပြင်ပရှိ ၎င်း၏နိုင်ငံသားမဟုတ်သူများအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

တယ်လို့ စွပ်စွဲတောင်းဆိုမှုနှင့်စပ်လျဉ်းပြီး လျှောက်ထားသူရဲ့ ဥပဒေကြောင်းအရ အကျိုးခံစားခွင့်တွင်လည်းကောင်း၊ အမှုစွဲဆိုဆောင်ရွက်ပိုင်ခွင့်အပေါ်တွင် လည်းကောင်း မေးခွန်းထုတ်စရာဖြစ်ပေါ်စေနိုင်တယ်” လို့ အတိအလင်းဖော်ပြခဲ့ပါတယ်။ ၎င်းအချက်သည် ဥပဒေကြောင်းအရ အကျိုးခံစားခွင့်ကိုဖြစ်စေ၊ အမှုစွဲဆိုဆောင်ရွက်ပိုင်ခွင့်ကိုဖြစ်စေ အဖွဲ့ဝင်နိုင်ငံများအားလုံး နှင့်သက်ဆိုင်သောအကျိုးစီးပွား (Common Interest) အရ ဖြေရှင်းဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း ဖော်ပြနေပါတယ်။

၂၀။ အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သက်ဆိုင်သော အကျိုးစီးပွား (Common Interest) ကို အသုံးပြုနိုင်ကြောင်း ဤအမှုနှင့်စပ်လျဉ်း၍ တရားရုံးကချမှတ်ခဲ့သော အမိန့်တွင် “မည်သည့်နိုင်ငံကမဆို အငြင်းပွားမှုဖြေရှင်းရမည့်တာဝန်သည် အခြားကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများအတွက်ပါ တာဝန်ရှိပါသည်”ဟု ဖော်ပြထားသော်လည်း အဆိုပါပြောဆိုချက်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီနှင့် အဖွဲ့ဝင်နိုင်ငံတိုင်းတွင် နိုင်ငံတစ်နိုင်ငံ၏ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ဖြင့် တရားစွဲဆိုနိုင်ခြင်းရှိ မရှိကို ပြောဆိုထားခြင်းမရှိပါ။

၂၁။ ဥပမာ Genocide Convention ၏ အပိုဒ် ၅ အရ အဖွဲ့ဝင်နိုင်ငံများသည် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရန် တာဝန်ရှိပြီး အဓိကအားဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်ပေးရန်လည်း တာဝန်ရှိပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၂၂။ ဥပမာအားဖြင့် Liechtenstein နိုင်ငံက Tonga နိုင်ငံတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်များသည် ထိရောက်မှုမရှိဟု ယူဆသောကြောင့် Tonga နိုင်ငံက Genocide Convention ကို ချိုးဖောက်ကြောင်းစွပ်စွဲချက်ဖြင့် ဤတရားရုံးရှေ့မှောက်တွင် Tonga နိုင်ငံကို နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်အရ တရားစွဲဆိုခွင့်ရှိသလားဆိုလျှင် အဖြေကတရားစွဲဆိုခွင့်မရှိပါဟုသာ ပြောနိုင်ပါတယ်။

၂၃။ Genocide Convention အရ စာချုပ်ဝင် နိုင်ငံတစ်နိုင်ငံချင်းစီတွင် တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်သော ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ရှိလျှင် မည်သည့်အချိန်တွင်မဆို Genocide Convention ၏ အပိုဒ် ၉ အရ တရားရုံး၏စီရင်ပိုင်ခွင့်ကို ခြွင်းချက်မထားသည့်စာချုပ်ဝင် ၁၃၆ နိုင်ငံအသီးသီးက ကျန် ၁၃၅ နိုင်ငံထဲမှ မည်သည့်နိုင်ငံတစ်နိုင်ငံကိုမဆို ကွန်ဗင်းရှင်းအရ ၎င်းတို့၏ တာဝန်များကို ချိုးဖောက်ကြောင်း စွပ်စွဲချက်ဖြင့် တရားစွဲဆိုနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ စာဖြင့်ရေးသားထားသည့် လျှောက်လဲချက်တွင် တင်ပြထားခဲ့သလိုပင် မီးသေဆုံးဖြတ်ချက်က အကျိုးသက်ရောက်မှုမရှိသောကြောင့် ထိုသို့သောအမှုတွင် အခြားသော ၁၃၄ နိုင်ငံက တရားရုံး၏ စီရင်ထုံးကို လိုက်နာနိုင်မည်မဟုတ်ပါ။ ထို့အတွက်ကြောင့် အဆိုပါ စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံတစ်ခုတည်းအပေါ် တောင်းဆိုမှုတစ်ခုတည်းဖြင့် ထပ်ခါထပ်ခါ တရားစွဲဆိုနိုင်ခွင့် ရရှိသွားတော့မှာဖြစ်ပါတယ်။

၂၄။ Genocide Convention အာဏာသက်ဝင်ပြီးနောက် ၇၁ နှစ်တာ ကာလအတွင်း ကမ္ဘာတစ်ဝန်းတွင် ထိုသို့သော လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟု စွပ်စွဲချက် အများအပြားရှိခဲ့သော်လည်း မည်သည့်နိုင်ငံကမျှ မိမိနိုင်ငံ၏ အကျိုးစီးပွား သို့မဟုတ် မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ ကွန်ဗင်းရှင်းကို ချိုးဖောက်ကြောင်းစွပ်စွဲ၍ တရားရုံး၌ တရားစွဲဆိုခဲ့ခြင်းမရှိခဲ့ပါ။ ဤအချက်ကို ခိုင်လုံသောအချက်ဟုမပြောနိုင်သော်လည်း စာချုပ်ဝင်နိုင်ငံများသည် ယေဘုယျအားဖြင့် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက ကွန်ဗင်းရှင်းကိုချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ အခြားစာချုပ်ဝင်နိုင်ငံတွင် တာဝန်ရှိကြောင်း တရားရုံးကကြေညာနိုင်ရန်အတွက် မည်သည့်နိုင်ငံကမျှ တရားရုံးသို့တောင်းဆိုနိုင်ခွင့်ရှိသည်ဟု မယူဆကြသည်ကို ဤအချက်က ညွှန်ပြနေပါတယ်။

**နိုင်ငံတစ်နိုင်ငံ၏ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်သည် အပိုဒ် ၉ စီရင်ပိုင်ခွင့်ဆိုင်ရာအချက်မှ ပေါ်ပေါက်လာခြင်း မဟုတ်ကြောင်း**

၂၅။ အထူး သို့မဟုတ် တိုက်ရိုက်ထိခိုက်သည့်အချက်မရှိသော်ငြား Genocide Convention အပိုဒ် ၉ သည် လက်ရှိအမှုတွင် တရားရုံးက အမှုကိုစစ်ဆေးကြားနာနိုင်ရန်အတွက် လက်ခံနိုင်ကြောင်း ဂမ်ဘီယာက လျှောက်လဲထားပါတယ်။ သို့ရာတွင် အပိုဒ် ၉ သည် စီရင်ပိုင်ခွင့်နှင့်သာ သက်ဆိုင်ပြီး အမှုလက်ခံမှုနှင့်၎င်း၏ ရပ်တည်ချက်ပြဿနာနှင့်မသက်ဆိုင်ပါ။ ၎င်း၏ရပ်တည်မှုအတွက် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ရှိရန်လိုအပ်ပြီး သို့မှသာ တရားရုံးသို့ လျှောက်ထားတောင်းဆိုနိုင်ပါမယ်ဟု မြန်မာနိုင်ငံက လျှောက်လဲထားပါတယ်။

၂၆။ အပိုဒ် ၉ စီရင်ပိုင်ခွင့်အချက်မှ မည်သည့်နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်မျှ ပေါ်ပေါက်လာခြင်းမရှိပါ။ တရားရုံးက မှတ်ချက်ပြုထားသည့်အတိုင်း စီရင်ပိုင်ခွင့်ဆိုင်ရာ အပိုဒ်များသည် ၎င်းတို့၏ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှု၏ လုပ်ထုံးလုပ်နည်းမျှသာဖြစ်ပြီး အရင်းခံဥပဒေမဟုတ်ပါ။ စီရင်ပိုင်ခွင့်ဆိုင်ရာ အပိုဒ်တစ်ပိုဒ်တွင်ပါဝင်သည့် အရည်အသွေးသည် နိုင်ငံတစ်နိုင်ငံက ရပ်တည်ချက် ရှိ မရှိ မေးခွန်းကို ဖြေရှင်းနိုင်ခြင်းမရှိပါ။ တရားရုံးကိုယ်တိုင်က ထောက်ပြထားသည့်အတိုင်း တရားရုံး၏ ပြဋ္ဌာန်းဥပဒေ အပိုဒ် ၃၆ စာပိုဒ် ၂ အရ ကြေညာချက်အပိုဒ်ရှိ ကျယ်ပြန့်သော ဘာသာစကား၌အကျုံးဝင်သည့် အငြင်းပွားမှုများအားလုံးကို နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာအကျိုးခံစားခွင့်အတွက် တောင်းဆိုမှုများမှ ကင်းလွတ်ခွင့်ပြုရန် နိုင်ငံများက ပြုလုပ်နိုင်ပါတယ်။

၂၇။ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ရှိကြောင်း ရပ်တည်ချက်ရှိကြောင်း သက်သေပြရန် မလုပ်ဆောင်ခဲ့ပါဘဲ အပိုဒ် ၉ အရ တရားရုံးတွင် စီရင်ပိုင်ခွင့်ရှိကြောင်း ၎င်း၏စာဖြင့် ရေးသားလျှောက်လဲချက်တွင် ဂမ်ဘီယာက ရှည်လျားစွာဖော်ပြရန် အားထုတ်ခဲ့ပါတယ်။

**Genocide Convention အရ မည်သည့်စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံက စာချုပ်ဝင်အခြားနိုင်ငံများအပေါ် တာဝန်ရှိမှုမှ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့် ပေါ်ပေါက်လာခြင်းမရှိ။**

၂၈။ Genocide Convention အရ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက စာချုပ်ဝင် အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိသောကြောင့် ၎င်း၏အထူးအကျိုးစီးပွားရှိမှု မရှိမှုကို သက်သေပြရန်မလိုဘဲ လျော်ကြေးရရှိရန် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက စာချုပ်ဝင် အခြားမည်သည့်နိုင်ငံများအပေါ် တရားစွဲဆိုခွင့်ရှိကြောင်း ဂမ်ဘီယာက လျှောက်လဲထားပါတယ်။

၂၉။ သို့ရာတွင် စာချုပ်တစ်ခုအရ စာချုပ်ဝင်အခြားနိုင်ငံများ အကျိုးအတွက် တာဝန်ရှိမှုသည် စာချုပ်ဝင်နိုင်ငံအားလုံးကို တရားရုံးရှေ့၌ ဖြေရှင်းရန် အလိုအလျောက် ခွင့်ပြုထားခြင်းမရှိပါ။ တာဝန်တစ်ရပ်၏ ခိုင်မာသော သွင်ပြင်လက္ခဏာသည် စီရင်ပိုင်ခွင့်နှင့် အမှုလက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းလိုအပ်ချက်များမှာ ကွဲပြားခြားနားပါတယ်။

၃၀။ တရားရုံးကအောက်ပါအတိုင်း ဖော်ပြထားပါတယ်–

> “စာချုပ်ဝင်အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှု သွင်ပြင်လက္ခဏာ၏ စံနှင့် စီရင်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် မတူညီသောအရာနှစ်ခုဖြစ်ပါသည်။ စာချုပ်ဝင် အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှုအခွင့်အရေးနှင့် တာဝန်ဝတ္တရားများသည် ဖြေရှင်းရန် တရားရုံးစီရင်ပိုင်ခွင့် မပေးထားသော အငြင်းပွားမှုတစ်ခုမှ ငြင်းချက်မျှသာ ဖြစ်နိုင်ပါသည်။

၃၁။ စာချုပ်ဝင်အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှုတစ်ခု၏ သွင်ပြင်လက္ခဏာသည် အမှုကိုလက်ခံရန် တောင်းဆိုမှုအတွက် အခြေခံအချက်မဖြစ်နိုင်ပါ။ Belgium v. Senegal အမှုတွင် တရားသူကြီး Xue က “အများသူငါအကျိုးစီးပွားအတွက် တရားရုံးတွင် အမှုစွဲဆိုရန် နိုင်ငံတိုင်းနှင့် တစ်နိုင်ငံချင်းစီ၌ ယေဘုယျအားဖြင့် အခွင့်အရေးမရှိပါ”ဟု ညွှန်ပြထားပါတယ်။

၃၂။ လက်ရှိ တရားစွဲဆိုဆောင်ရွက်မှုများအနက် Barcelona Traction case တွင် စာချုပ်ဝင် အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှုသည် လူသားတို့၏ အခြေခံအခွင့်အရေးနှင့် သက်ဆိုင်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းများ၊ လူမျိုးသုဉ်းသတ်ဖြတ်ခြင်းလုပ်ဆောင်မှု၌ ဥပဒေကို မျက်ကွယ်ပြုခြင်းများမှ ဆင်းသက်လာကြောင်း တရားရုံးက ဆုံးဖြတ်ထားပါတယ်။ သို့ရာတွင် တာဝန်ရှိမှုများ၏ ထူးခြားချက်မှာ အမှုကိုလက်ခံရန် တောင်းဆိုခြင်းဆိုင်ရာ မေးခွန်းကိုဖြေရှင်းမှုမပြုနိုင်ခြင်းပင်ဖြစ်ပါတယ်။ တရားရုံးက သုံးသပ်သည်မှာ လူ့အခွင့်အရေးပါဝင်သော စာချုပ်များပင်လျှင် ၎င်းတို့၏ နိုင်ငံသားနှင့် မသက်ဆိုင်လျှင် နစ်နာသူအပေါ် ချိုးဖောက်သောကိစ္စများကို ကာကွယ်ရန် စာချုပ်ဝင်နိုင်ငံများသို့ လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းမရှိပေ။ ဤဆက်သွယ်မှုတွင် Judge Shahabuddeen ၏ ‘ဂျီနိုဆိုက်ကွန်ဗင်းရှင်းသည် ကုလသမဂ္ဂက ချမှတ်ထားသည့် ပထမဆုံးသော လူ့အခွင့်အရေးစာချုပ်ဟုဖော်ပြရန်ယုတ္တိမရှိကြောင်း’ အကဲဖြတ်မှုကို ပြန်လည်အမှတ်ရစေလိုပါတယ်။

၃၃။ တရားသူကြီး Ammoun က Barcelona Traction အမှုမှာ “အများသူငှာအကျိုးကာကွယ်ဖို့အတွက် ဆောင်ရွက်တဲ့ နိုင်ငံတစ်နိုင်ငံဟာ ဥပဒေအရ အကာအကွယ်ပြုထားတဲ့ တရားဝင်အကျိုးစီးပွားစပ်ဆိုင်မှုရှိကြောင်း သက်သေပြရမယ်”လို့ ဖော်ပြခဲ့ပါတယ်။

၃၄။ Bosnian Genocide အမှုမှာ “နယ်နိမိတ်တွင် နိုင်ငံသားမဟုတ်သူများအား ကျူးလွန်တယ်လို့ စွပ်စွဲခံထားရတဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့်စပ်လျဉ်းသည့် လျှောက်ထားသူရဲ့တောင်းဆိုချက်”ကို တရားရုံးက အလေးပေးဖော်ပြခဲ့ပါတယ်။ တရားရုံးက “ဒီတောင်းဆိုချက်ဟာ ဘောစနီးယားနိုင်ငံသား မဟုတ်သူများနှင့် ဆက်စပ်နေသမျှ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူရဲ့ ဥပဒေဆိုင်ရာ အကျိုးစီးပွား သို့မဟုတ် အမှုစွဲဆိုဆောင်ရွက်ပိုင်ခွင့်အပေါ်တွင် လည်းကောင်း၊ နိုင်ငံတကာဥပဒေစံနှုန်းကို ပစ်ပယ်၍မရဆိုသော မူသဘောတရားနှင့် နိုင်ငံတကာလူ့အသိုင်းအဝိုင်းအပေါ် တာဝန်ခံမှုသဘောတရားများအပေါ်တွင်လည်းကောင်း ပြဿနာဖြစ်ပေါ်စေနိုင်ပါတယ်” လို့ ဖော်ပြခဲ့ပါတယ်။

၃၅။ တရားရုံးအနေနဲ့ အဆိုပါ ဥပဒေပြဿနာများကို ကိုင်တွယ်ဖြေရှင်းစရာမလိုခဲ့သော်လည်း Genocide Convention အရ စာချုပ်ဝင် အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှု၏ သွင်ပြင်လက္ခဏာသည် အလိုအလျောက် တရားစွဲဆိုဆောင်ရွက်နိုင်ခွင့်မရှိကြောင်းကို ကိုးကားစာပိုဒ်၌ ဖော်ပြထားပါတယ်။

**တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက်(Invocation of responsibility) နှင့် တောင်းဆိုချက်များအား လက်ခံခွင့်ပြုခြင်း (Admissibility of Claims) တို့ ခြားနားချက်**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျာ၊**

၃၆။ Genocide Convention အဖွဲ့ဝင်နိုင်ငံတစ်ခုအနေနဲ့ အထူးအကျိုးခံစားခွင့်ရှိကြောင်း သက်သေပြစရာမလိုဘဲ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ချိုးဖောက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းပြီး ယင်းစာချုပ်ဝင်နိုင်ငံ၏ တာဝန်ရှိမှုကို တောင်းဆိုခွင့်ရှိသည်ဆိုသော အချက်ကို အခြေခံ၍ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုခွင့်ရှိကြောင်း တင်ပြထားပါတယ်။ ဒီတင်ပြချက်မှာ အကြောင်းအရာနှစ်ရပ်ကို ဆန်းစစ်တွေ့ရှိရပါတယ်။

၃၇။ ပထမအချက်က တာဝန်ရှိမှုဆိုင်ရာ တောင်းဆိုချက်သည် နိုင်ငံ၏တာဝန်ရှိမှုဆိုင်ရာ ဥပဒေသမှာ ပါဝင်နေပါတယ်။ အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင် (ILC) အရဆိုလျှင် တောင်းဆိုချက်သည် တရားဝင်သဘောဖြစ်တဲ့ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းအဖြစ် နားလည်လက်ခံနိုင်မည်ဖြစ်ပါတယ်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခုတွင် တရားစွဲဆိုမှု စတင်ပြုလုပ်ခြင်း ဖြစ်ပါတယ်။

၃၈။ သို့ရာတွင် နိုင်ငံ၏တာဝန်ရှိမှု (State Responsibility) ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင် (ILC) ၏ သုံးသပ်ချက်မှာ မှတ်ချက်ပြုထားတာကတော့ ၎င်းပြဋ္ဌာန်းချက်များဟာ အပြည်ပြည်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးတွေမှာ အမှုလက်ခံခွင့်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့် မသက်ဆိုင်ပါဘူး။ ဒီပြဋ္ဌာန်းချက်တွေဟာ အခြားနိုင်ငံ သို့မဟုတ် အခြားနိုင်ငံများက တာဝန်ယူစေခြင်းကိုတောင်းဆိုမှုအတွက် သတ်မှတ် ပြဋ္ဌာန်းထားတဲ့ စည်းကမ်းချက်တွေပဲ ဖြစ်ပါတယ်။

၃၉။ ဒါကြောင့် တောင်းဆိုမှုများကို လက်ခံခွင့်ပြုခြင်းနှင့် တရားစွဲဆိုခွင့်ရှိကြောင်းကိစ္စရပ်တို့အတွက် နိုင်ငံ၏ တာဝန်ရှိမှုဆိုင်ရာဥပဒေအရ ကောက်ချက်ချလို့မရပါဘူး။ အထူးသဖြင့် နိုင်ငံရဲ့ တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခွင့်ဆိုတာ အပြည်ပြည်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးမှာ အမှုတင်သွင်းရန် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ရှိခြင်းလို့ အလိုအလျောက် အဓိပ္ပာယ် မသက်ရောက်ပါဘူး။

၄၀။ ဒုတိယအချက်အနေနဲ့ တာဝန်ရှိမှုကို တောင်းဆိုခွင့်ရှိဖို့အတွက် ဥပဒေဆိုင်ရာ အထူးအကျိုးခံစားခွင့်ရှိကြောင်း ကောင်းစွာသက်သေပြရန် လိုအပ်ပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းအပေါ်မှာ နိုင်ငံတကာဥပဒေချိုးဖောက်မှုကို ကျူးလွန်ကြောင်း စွပ်စွဲထားတဲ့ ယခုလိုအမှုမျိုးမှာ ထိုသို့သက်သေပြရန် အထူးလိုအပ်ပါတယ်။

၄၁။ Genocide Convention ဟာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ်တွေထဲကတစ်ခုပဲ ဖြစ်ပါတယ်။ ILC ရဲ့အသုံးအနှုန်းအရ သက်ဆိုင်သူ တစ်ဦးတစ်ယောက်ချင်းကို မူလအကျိုးခံစားခွင့်ရှိသူတွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအခွင့်အရေးတွေကို ခံစားခွင့်ရှိသူတွေအဖြစ် လည်းကောင်း မှတ်ယူသင့်တယ်လို့ဆိုပါတယ်။

၄၂။ နိုင်ငံ၏တာဝန်ရှိမှု (State Responsibility) ဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၄၄၊ အပိုဒ်ခွဲ (က) သည် ယခုအမှုကိစ္စနဲ့ ဆက်စပ်လျက်ရှိပါတယ်။ ပြဋ္ဌာန်းချက်အပိုဒ် ၄၄၊ အပိုဒ်ခွဲ (က)တွင် “တောင်းဆိုချက်တစ်ရပ်သည် နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်း

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

နှင့်အညီ တောင်းဆိုခြင်းမဟုတ်လျှင် နိုင်ငံတစ်နိုင်ငံ၏တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခွင့်မရှိ” ဟု ပြဋ္ဌာန်းထားပြီး ယင်းပြဋ္ဌာန်းချက်ဟာ နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေကို ထင်ဟပ်လျက်ရှိပါတယ်။

၄၃။ နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းအရ နိုင်ငံတစ်နိုင်ငံအနေနဲ့ အခြားနိုင်ငံတစ်နိုင်ငံက အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ဆန့်ကျင်လျက် ပြုမူခြင်းကြောင့် လူတစ်ဦးတစ်ယောက်ချင်း အပေါ် သို့မဟုတ် လူအုပ်စုအပေါ် ထိခိုက်မှုဖြစ်ပေါ်တဲ့အခါ ထိုသို့ထိခိုက်သူများသည် မိမိနိုင်ငံသားများဖြစ်မှသာ ကာကွယ်စောင့်ရှောက်မှုပြုနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ မိမိနိုင်ငံသား မဟုတ်သူများကို ကာကွယ်စောင့်ရှောက်ပိုင်ခွင့်မရှိပါဘူး။ မှားယွင်းမှုပြုသော နိုင်ငံ၏ နိုင်ငံတကာ တာဝန်ရှိမှုကို ကိုးကားတောင်းဆိုနိုင်ခွင့်ဆိုတာ ထိခိုက်ခံရသည့် နိုင်ငံသား၏ နိုင်ငံကသာ ခံစားခွင့်ရှိသော ဥပဒေဆိုင်ရာအထူးအကျိုးခံစားခွင့်ပဲဖြစ်ပါတယ်။ ဒါဟာ နိုင်ငံသား၏ အာမခံချက်တစ်ခုပါ။

၄၄။ နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းနှင့် စပ်လျဉ်း၍ ILC က “အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အမှုလက်ခံနိုင်ခြင်း ရှိ မရှိဟူသော မေးခွန်းများသည် ပို၍အခြေခံကျသော လက္ခဏာများ ဖြစ်လာသည်။ ယင်းမေးခွန်းများသည် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအတွက် ရှေးဦးစွာတင်ပြရမည့် အခြေအနေများပင် ဖြစ်သည်” ဟု လည်းကောင်း၊ နိုင်ငံ၏ တာဝန်ရှိမှု (State Respon–sibility) ဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၄၄၊ အပိုဒ်ခွဲ (က)တွင် နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းသည် တရားစီရင်ရေးအဖွဲ့များတွင် အမှုလက်ခံနိုင်မှု ရှိ မရှိ ဆိုခြင်းနှင့်သာ သက်ဆိုင်နေခြင်း မဟုတ်ဘဲ ၎င်းနှင့်သက်ဆိုင်သည့် အမှုကိစ္စများတွင် တာဝန်ရှိမှုကို ကိုးကားတောင်းဆိုနိုင်ရန်အတွက် ယေဘုယျအခြေအနေတစ်ရပ်နှင့်လည်း သက်ဆိုင်နေကြောင်း ရှင်းလင်းစွာ ပြဋ္ဌာန်းထားသည်” ဟု လည်းကောင်း ရေးသားဖော်ပြခဲ့ပါတယ်။

၄၅။ နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းသည် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက အခြားစာချုပ်ဝင်နိုင်ငံအားလုံးအပေါ် တာဝန်ရှိမှုကို ချိုးဖောက်ခြင်းနှင့် သက်ဆိုင်မှုမရှိဘဲ နစ်နာသည့် နိုင်ငံနှင့် နစ်နာခြင်းမရှိသည့်နိုင်ငံတို့က အဆိုပါတာဝန်ရှိမှုကို ကိုးကားတောင်းဆိုသည့်ကိစ္စရပ်များနှင့် အကျုံးဝင်သက်ဆိုင်ပါတယ်။ ဒီသဘောတရားကို နိုင်ငံ၏တာဝန် ရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၄၂ (ခ)၊ ၄၈(၁)နှင့်(၃) တို့မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

၄၆။ ဂမ်ဘီယာနိုင်ငံက နိုင်ငံတစ်နိုင်ငံသည် အခြားနိုင်ငံ၏ တာဝန်ရှိမှုကို ကိုးကားတောင်းဆိုရန် အခွင့်အရေးရှိသည်ဆိုလျှင် တရားရုံးတွင် ထိုသို့တောင်းဆိုမှုပြုခွင့်အနေအထားလည်း မလွဲမသွေရှိသည်ဟု လျှောက်လဲထားတာကို တွေ့ရပါတယ်။ သို့သော် ယခုတင်ပြခဲ့သလိုပဲ နိုင်ငံ၏ တာဝန်ရှိမှုဆိုင်ရာဥပဒေသအရ ဂမ်ဘီယာသည် ၎င်း၏နိုင်ငံသားများ မဟုတ်သူများနှင့်စပ်လျဉ်း၍ Genocide Convention ကို ချိုးဖောက်မှုအတွက် မြန်မာနိုင်ငံမှာ တာဝန်ရှိသည်ဟူ၍ တောင်းဆိုခြင်း မပြုနိုင်ပါဘူး။

၄၇။ ဒါကြောင့် ဂမ်ဘီယာနိုင်ငံအနေနဲ့ မိမိဘာသာ လိုသလို အဓိပ္ပာယ်ကောက်ယူပြီး ယခုလို တရားရုံးတော်မှာ တရားစွဲဆိုခွင့်မရှိပါဘူး။

**တရားစွဲဆိုရန် (သို့မဟုတ်)တရားခံလွှဲပြောင်းပေးရန် တာဝန်နှင့် ပတ်သက်သောအမှုကိစ္စနှင့် ယခုအမှုတို့၏ ခြားနားချက်**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျာ၊**

၄၈။ ဂမ်ဘီယာသည် ၎င်း၏စီရင်ပိုင်ခွင့်နယ်မြေပြင်ပမှာ ရှိနေတဲ့ နိုင်ငံသားမဟုတ်သူများအပေါ် လူမျိုးသုဉ်း သတ်ဖြတ်မှုများရှိကြောင်း စွပ်စွဲချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံက တာဝန်ရှိသည်ဟု ကိုးကားတောင်းဆိုလျက်ရှိပါတယ်။

၄၉။ အထူးသဖြင့် တရားစွဲဆိုရန်သို့မဟုတ်တရားခံလွှဲပြောင်းပေးရန် တာဝန်နှင့်ပတ်သက်ပြီး အငြင်းပွားကြတဲ့ Belgium v. Senegal အမှုဟာ ဂမ်ဘီယာအနေနဲ့ အလွန်အမင်း အားကိုးအားထားပြုနေသည့် နိုင်ငံသားအတွက်တောင်းဆိုပိုင်ခွင့်ဆိုင်ရာမေးခွန်းကို ဖြေရှင်းပေးနိုင်မှာ မဟုတ်ပါဘူး။ Belgium က Senegal သည် ညှဉ်းပန်းနှိပ်စက်မှုမြောက်သည့်လုပ်ရပ်များကို ခွင့်ပြုထားခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (Convention against Torture) ကို ဖောက်ဖျက်ခဲ့တယ်လို့ တောင်းဆိုခဲ့တာမဟုတ်ပါဘူး။ Senegal ဟာ ၎င်း၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်းမှာ ရောက်ရှိနေတဲ့ ပြစ်မှုကျူးလွန်သူနှင့်ပတ်သက်ပြီး အဖြစ်မှန်ကို ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ရန်နဲ့ တရားစွဲဆိုနိုင်ရေး သက်ဆိုင်ရာအာဏာပိုင်သို့ တင်ပြရန် ၎င်း၏တာဝန်များကို ချိုးဖောက်ခဲ့တဲ့အတွက် Belgium က တောင်းဆိုခဲ့တာဖြစ်ပါတယ်။ အဲဒီအမှုမှာ Belgium အနေနဲ့ Senegal နိုင်ငံက အထက်ပါ တာဝန်များကို ချိုးဖောက်ခဲ့ကြောင်း စွပ်စွဲချက်များအတွက် Senegal နိုင်ငံတွင် တာဝန်ရှိသည်ဟု တောင်းဆိုခွင့်ရှိကြောင်း တရားရုံးက တွေ့ရှိခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ Senegal လုပ်ဆောင်ပေးရမယ့် အထက်ပါတာဝန်များဟာဆိုရင် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက ကျန်စာချုပ်ဝင်နိုင်ငံ အားလုံးအပေါ် တာဝန်ရှိမှု ( erga omnes partes ) ထဲမှာ သက်ဆိုင်အကျုံးဝင်နေတဲ့အတွက် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံချင်းစီဟာ မည်သည့်အခြေအနေမှာမဆို ဖော်ပြပါတာဝန်များကို လိုက်နာဆောင်ရွက်စေဖို့ အကျိုးစီးပွားရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ Belgium အပါအဝင် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (Convention against Torture) အဖွဲ့ဝင်နိုင်ငံအသီးသီးသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက စာချုပ်ပါ ၎င်း၏တာဝန်ကို ချိုးဖောက်သည့်အခါ ထိုချိုးဖောက်မှုကြောင့် အမှန်တကယ်ထိခိုက်သည့်နိုင်ငံကဲ့သို့ မိမိတွင် သီးသီးသာသာ ထိခိုက်မှုရှိကြောင်းကို သက်သေပြရန်မလိုဘဲ ၎င်းနိုင်ငံရဲ့တာဝန်ရှိမှုကို တောင်းဆိုပိုင်ခွင့်ရှိပါတယ်။

၅၀။ Belgium v. Senegal အမှုကို အခြေခံလျက် တရားရုံးက ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့် (Provisional Measures Order) တွင် “အထူးတလည်ထိခိုက်သည့်နိုင်ငံသာမက Genocide Conven–tion ၏ မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက erga omnes partesတာဝန်ဝတ္တရားများကို လိုက်နာရန်ပျက်ကွက်ပါက ၎င်းပျက်ကွက်သည့် နိုင်ငံ၏တာဝန်ဝတ္တရားများ လိုက်နာရန်ပျက်ကွက်မှုကို အဆုံးသတ်စေရန် တောင်းဆိုနိုင်ပါသည်”ဟု ဖော်ပြခဲ့ပါတယ်။

၅၁။ ထိုဖော်ပြချက်ဟာ လေ့လာဆန်းစစ်စရာတွေ အများကြီး ဖြစ်ပေါ်စေပါတယ်။ ပထမအချက်အနေနဲ့ တရားရုံးသည် နှစ်ဖက်အမှုသည်တွေရဲ့ ဥပဒေကြောင်းအရ လျှောက်လဲချက်အပေါ်မှာ အခြေခံခြင်းမရှိဘဲ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့် (Provisional Measures Order) ထဲမှာထိုသို့ဖော်ပြခဲ့ပါတယ်။ တစ်နည်းပြောရရင် နှစ်ဖက်ရှေ့နေတွေရဲ့ လျှောက်လဲချက်တွေအပေါ်မှာ သမာသမတ်ကျကျ စဉ်းစားဆုံးဖြတ်ရတဲ့ မူသဘောတရား (principe de con–tradictoire) အရ တရားရုံးက ဆောင်ရွက်ခြင်းမရှိပါဘူး။ တခြားစာချုပ်တွေမှာ erga omnes partes တာဝန်ဝတ္တရားများကို ချိုးဖောက်မှုအတွက် တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခွင့်ရှိတယ်ဆိုတဲ့ သဘောတရားရဲ့ လွှမ်းမိုးမှုဒဏ်ကို ကြီးကြီးမားမားခံရတဲ့အတွက် ထိုသို့ဖော်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဖော်ပြမယ်ဆိုရင် မြန်မာနိုင်ငံဘက်က လျှောက်လဲချက်တွေအပေါ်မှာ ဂရုတစိုက်နဲ့ ပြန်လည်စဉ်းစားပေးဖို့ လိုအပ်ပါတယ်။

၅၂။ ဒုတိယအချက်အနေနဲ့ ထိုဖော်ပြချက်သည် တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခြင်းကိစ္စသက်သက်အတွက်သာ ရည်ညွှန်းခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးတွေမှာ တရားစွဲဆိုနိုင်ခွင့် အခြေအနေတွေနဲ့တော့ မသက်ဆိုင်လှပါဘူး။ ထိုဖော်ပြချက်ကို တစ်နည်းနည်းဖြင့် လေ့လာကြည့်ပါက တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခြင်းသည် တရားစွဲဆိုတောင်းဆိုမှုပြုခွင့်အခြေအနေနဲ့ အတူတူပင်ဖြစ်တယ်လို့ ယူဆခြင်းဟာ တရားရုံးရဲ့ ကာလရှည်ကြာရှိနေခဲ့တဲ့ အများအကျိုးငှာ တရားစွဲဆိုခွင့်ပြုခြင်းဆိုင်ရာ ဥပဒေသဘောတရား (actio popularis) နဲ့ ကိုက်ညီဖို့ခက်ခဲစေမှာဖြစ်ပါတယ်။ ဒါမှမဟုတ် နိုင်ငံတကာဥပဒေမှာမရှိခဲ့တဲ့ သဘောတရားလို့ လက်ခံလိုက်တာက ပိုကောင်းစေမှာပါ။ ယခုအမှုကိစ္စနဲ့ ပတ်သက်ပြီး Barcelona Traction အမှုမှာ တရားရုံးက လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို erga omnes partes တာဝန်ဝတ္တရားများအဖြစ် သတ်မှတ်ခဲ့တဲ့အပေါ် တရားသူကြီး De Castro ရဲ့ သဘောထားဖော်ပြချက်ကို ပြန်လည်ကိုးကားလိုပါတယ်။

“ထိုအမှုတွင် ဖော်ပြပါရှိသောဆိုခဲ့ပြီးသော စကားရပ်တွေဟာ နိုင်ငံတကာဥပဒေအရ အများအကျိုးငှာ တရားစွဲဆိုခွင့်ပြုခြင်းဆိုင်ရာ ဥပဒေသဘောတရား (actio popularis)ကို အသိအမှတ်ပြုရာရောက်တယ်လို့ မမှတ်ယူသင့်ပါဘူး။ ဥပဒေအဖြစ် လက်ခံထားတဲ့ အထွေထွေ သဘောတရားနဲ့ကိုက်ညီမှု ရှိ မရှိကို အလေးပေးပြီး အနက်ဖွင့်ဆိုသင့်တယ်လို့ ကျွန်ုပ်အနေနဲ့ ယူဆပါတယ်။ အဆိုပါစကားရပ်တွေကို အထောက်အထားပြုပြီးတော့မှ တရားရုံးတော်က အမှုကိုလက်ခံခွင့်ရှိကြောင်း မှတ်ယူမယ်လို့ ကျွန်ုပ်အနေဖြင့် ယုံကြည် နိုင်မည်မဟုတ်ပါ။ ဥပမာ– နိုင်ငံ A က နိုင်ငံ B သည် ၎င်း၏နိုင်ငံသားများ (သို့မဟုတ်) နိုင်ငံ C ၏ နိုင်ငံသားများနှင့်ပတ်သက်၍ အခြေခံလူ့အခွင့်အရေးဆိုင်ရာ မူသဘောတရားများနှင့် စည်းမျဉ်းများကို မလိုက်နာဟုဆိုကာ နိုင်ငံ B အပေါ် တောင်းဆိုနေတာနဲ့တူနေပါတယ်။”

အမှန်တကယ်တော့ Barcelona Traction အမှုစီရင်ချက်၊ အပိုဒ် ၉၁ ကို ပြန်ကြည့်မယ်ဆိုရင် ဖော်ပြပါတောင်းဆိုချက်ကို တရားရုံးတော်အနေဖြင့် လက်ခံခွင့်မရှိကြောင်း အထင်အရှားတွေ့ခဲ့ပါတယ်။ “တစ်ကမ္ဘာလုံးအတိုင်းအတာအရကြည့်မည်ဆိုလျှင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များသည် နိုင်ငံများက ထိခိုက်နစ်နာသူဟာ ၎င်းတို့ရဲ့ နိုင်ငံသားဖြစ်ခြင်းမဖြစ်ခြင်းကို ထည့်သွင်းစဉ်းစားစရာမလိုဘဲ လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို ကာကွယ်စောင့်ရှောက်ရန် လုပ်ပိုင်ခွင့်ပေးထားခြင်းမရှိ” ဟု စီရင်ချက်မှာ ဖော်ပြပါရှိပါတယ်။ တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များက စာချုပ်အဖွဲ့ဝင်နိုင်ငံများကို မိမိတို့ရဲ့နိုင်ငံသားမဟုတ်သူများအပေါ် ကာကွယ်စောင့်ရှောက်ရန်ခွင့်ပြုမထားဘူးဆိုလျှင် Genocide Convention အတွက်လည်း အလားတူ ယူဆရမှာဖြစ်ပါတယ်။

၅၃။ တတိယအချက်အနေနဲ့ erga omnes partes တာဝန်ဝတ္တရားများကို ချိုးဖောက်မှုအတွက် တာဝန်ရှိမှုတောင်းဆိုခြင်းကိစ္စသည် နိုင်ငံရဲ့တာဝန်ရှိမှု( State Responsibility) ဆိုင်ရာ ပြဋ္ဌာန်းချက်အပိုဒ် ၄၃ မှ ၄၅ ပါ အထွေထွေစည်းကမ်းသတ်မှတ်ချက်များ၊ အထူးသဖြင့် နိုင်ငံသားဆိုင်ရာတောင်းဆိုပိုင်ခွင့်၏ စည်းကမ်းသတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ရှိကြောင်း ကောက်ချက်ချစရာ ညွှန်းကိန်းတစ်စုံတစ်ရာ မရှိပါ။ ဆန့်ကျင်ဘက်အနေဖြင့် ပြဋ္ဌာန်းချက်အပိုဒ် ၄၄(က) တွင် “နိုင်ငံသားဆိုင်ရာ တောင်းဆိုပိုင်ခွင့် ၏စည်းမျဉ်းအရ တောင်းဆိုခြင်း မဟုတ်လျှင် နိုင်ငံတစ်နိုင်ငံရဲ့ တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခွင့်မရှိ” ဟု စောဒကတက်စရာမလိုအောင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် Belgium v. Senegal အမှုမှာ တရားရုံးက နိုင်ငံသားဆိုင်ရာ တောင်းဆိုပိုင်ခွင့်သဘောတရားကို ကိုးကားရန်လိုအပ်ခြင်း မရှိဟု ဆိုခြင်းသည် ယခုအမှုနှင့် သက်ဆိုင်ခြင်းမရှိဟု ဆိုနိုင်မည် မဟုတ်ပါ။

**နိဂုံးချုပ်ဆန်းစစ်တင်ပြချက်များ**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများ ခင်ဗျာ၊**

၅၄။ အထွေထွေလေ့လာဆန်းစစ်တင်ပြချက်အချို့ဖြင့် ကျွန်တော့်ကို နိဂုံးချုပ်ခွင့်ပြုပါ။

၅၅။ ဂမ်ဘီယာနိုင်ငံသည် နိုင်ငံတကာဥပဒေကြောင်းအရ အရေးယူမှုတွေမှာ တရားစွဲဆိုတောင်းဆိုမှုပြုခွင့်ဆိုင်ရာ ဥပဒေရေးရာလိုအပ်ချက်အနေနဲ့ Genocide Convention ရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြီးမြတ်တဲ့ရည်ရွယ်ချက်ကို ကိုးကားချင်ပုံမရဘူးဆိုတဲ့အချက်အပေါ် ခုခံလျှောက်လဲဖို့ ကောင်းကောင်းကြိုးစားနေနိုင်ပါတယ်။ တရားရုံးတော်အနေနဲ့ ဂမ်ဘီယာနိုင်ငံရဲ့ တရားစွဲဆိုတောင်းဆိုခွင့်ကို ငြင်းဆန်ခြင်းဟာ ဆယ်စုနှစ်များတိုင် ခေါင်းမဖော်နိုင်စရာ သိက္ခာကျစရာလုပ်ရပ်အဖြစ် ကျန်ရစ်လိမ့်မယ်လို့ ဂမ်ဘီယာနိုင်ငံက ခြိမ်းခြောက်ကောင်း ခြိမ်းခြောက်လာနိုင်ပါတယ်။ သို့သော်ငြားလည်း တရားရုံးက ညွှန်းဆိုထားသည့်အတိုင်း “လက်ရှိအခြေအနေတွင် အချို့သောစွပ်စွဲချက်များသည် တည်ရှိမှုမရှိကြောင်း တွေ့ရှိရပါက အကျိုးဆက်ကို လက်ခံရမည်ဖြစ်သည်။ ထိုအကျိုးဆက်များကို ရှောင်လွှဲရန် တရားရုံးသည် ယင်းအခွင့်အရေးတည်ရှိသည်ဟု မယူဆနိုင်ပါ။ တရားရုံးအနေဖြင့် ဥပဒေပိုင်းဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍သာ ဆက်စပ်လုပ်ဆောင်ရမှာဖြစ်ပြီး နိုင်ငံရေးရည်ရွယ်ချက်များအတွက် ဆောင်ရွက်ချက်များဟာ တရားရုံးကိုယ်တိုင်က မည်သို့ပင်ဆန္ဒရှိစေကာမူ တရားရုံး၏ လုပ်ပိုင်ခွင့်ပြင်ပမှာရှိနေပါတယ်။”

၅၆။ အပြည်ပြည်ဆိုင်ရာဥပဒေတွင် နောက်ဆုံးနည်းလမ်းအနေဖြင့် ဥပဒေကြောင်းအရ တရားစွဲဆိုဆောင်ရွက်နိုင်ခြင်းမရှိသည့် တာဝန်များသည် ခြွင်းချက်ဆိုသည်ထက် စည်းမျဉ်းများအဖြစ်သာ အမြဲရှိနေပါတယ်။ ဤကိစ္စရပ်များသည် ယနေ့ကာလထက်စာလျှင် ၁၉၄၈ ခုနှစ်တွင် ပိုမိုပေါ်ပေါက်ခဲ့သည့်ကိစ္စဖြစ်ပါတယ်။

၅၇။ တရားစွဲဆိုဆောင်ရွက်နိုင်ခွင့်နှင့်စပ်လျဉ်း၍ ဂမ်ဘီယာနိုင်ငံ၏ တောင်းဆိုချက်ကို လက်ခံခြင်းသည် ယခုအမှုနှင့် Genocide Convention တို့အပြင် အခြားနယ်ပယ်များကိုလည်း ဂယက်ရိုက်ခတ်လိမ့်မည်ဖြစ်ပါတယ်။ လူမျိုးသုဉ်းသတ်ဖြတ်မှုကို တားဆီးရန်နှင့် အပြစ်ပေးရန် တာဝန်အပြင် ဥပမာအားဖြင့် တရားရုံးက လူမျိုးရေးခွဲခြားဆက်ဆံခြင်းကို တားဆီးကာကွယ်ခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကျူးကျော်ရန်လိုသည့် အပြုအမူများကို တားဆီးခြင်းတို့ကို အားလုံးနှင့် သက်ဆိုင်သည့်တာဝန်များအဖြစ် သတ်မှတ်ဖော်ပြခဲ့ပါတယ်။ အကယ်၍ ယခုသတ်မှတ်ချက်သည် တရားစွဲဆိုဆောင်ရွက်နိုင်ခွင့်ကို အလိုအလျောက်ဖြစ်စေပါက နိုင်ငံတိုင်းကဖြစ်စေ၊ သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံတိုင်းကဖြစ်စေ ယင်း၏ နိုင်ငံသားကို တိုက်ရိုက်သော်

*စာမျက်နှာ ၉ သို့*

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုအလံတော် သယ်ဆောင်ရေးဆပ်ကော်မတီ အဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄** (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုအလံတော် သယ်ဆောင်ရေးဆပ်ကော်မတီ အဖွဲ့ဝင်များ



အား ဂုဏ်ပြုပွဲ အခမ်းအနားနှင့် လုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သုံးသပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု အလံတော် သယ်ဆောင်ရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင် တက်ရောက် အမှာစကားပြောကြားသည်။ (ဓာတ်ပုံ)

ယင်းနောက် နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်က စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုအလံတော် သယ်ဆောင်ရေး ဆပ်ကော်မတီမှ အဖွဲ့ဝင်များကို ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ပြီး (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြကာ နောင်တွင် ကျင်းပမည့် အခမ်းအနားများတွင် အောင်မြင်ချောမွေ့စွာ ဆောင်ရွက်ကြနိုင်စေရေး အကြံပြုဆွေးနွေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

လည်းကောင်း ယင်း၏ နိုင်ငံသားမှတစ်ဆင့်သော် လည်းကောင်း အခွင့်အရေးတစ်ရပ်ရပ် ထိခိုက်မှုမရှိစေကာမူ အဆိုပါအခွင့်အရေးများကို ချိုးဖောက်မှုအတွက် တရားရုံးတွင် တရားစွဲဆိုခွင့် ရှိလာနိုင်မည်ဖြစ်ပါတယ်။ ဒီအခြေအနေသည် ထိန်းမနိုင်သိမ်းမနိုင်ဘဲ အတောမသတ်နိုင်သည့် အငြင်းပွားမှုများကို ဖြစ်ပေါ်စေနိုင်ပါတယ်။

၅၈။ အဆိုပါအကြောင်းကြောင့် နိုင်ငံတကာတာဝန်ရှိမှုဆိုသော အကြောင်းအရာနှင့် စပ်လျဉ်းသည့် တရားဝင်မှုဆိုင်ရာ ပြဿနာများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဥပမာအားဖြင့် ဂမ်ဘီယာ၏ တင်ပြချက်များတွင် ပါဝင်သောအချက်မှာ ယခုစွပ်စွဲတင်ပြထားသည့် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခံရသူများ၏ အကျိုးခံစားခွင့်တွင် နစ်နာကြေးများ ပေးလျော်ရမည့် တာဝန်ကို မြန်မာနိုင်ငံက ဆောင်ရွက်ပေးရမည်ဟု တရားရုံးက ကြေညာပေးရန် ဂမ်ဘီယာနိုင်ငံက တောင်းဆိုထားပါတယ်။ ဂမ်ဘီယာနိုင်ငံက ဆက်လက်တင်ပြထားသည်မှာ -

"လျော်ကြေးပမာဏနှင့် အခြားသော နစ်နာမှုကုစားခြင်းများနှင့်စပ်လျဉ်း၍အမှုသည်များအကြား သဘောတူညီမှု မရရှိပါက ...................... တရားရုံးအနေဖြင့် တရားစွဲဆိုမှု၏ နောက်ဆက်တွဲ ကြားနာမှုများတွင် အဆိုပါကိစ္စကို ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။"

၅၉။ ဤနေရာတွင် မေးခွန်းထုတ်စရာရှိသည်မှာ ဂမ်ဘီယာ နိုင်ငံသားများမဟုတ်သော စွပ်စွဲဖော်ပြထားသည့် နစ်နာသူများ ကိုယ်စား လျော်ကြေးပမာဏကို ညှိနှိုင်းရန်အတွက် ဂမ်ဘီယာ နိုင်ငံတွင် မည်သည့်အခွင့်အာဏာရှိပါလဲဆိုသည့်အချက် ဖြစ်ပါတယ်။ ဆက်လက်၍ မေးခွန်းထုတ်စရာရှိသည်မှာ Genocide Convention ၏ အခြားအဖွဲ့ဝင်နိုင်ငံများက ဂမ်ဘီယာနိုင်ငံ တောင်းဆိုသည့် လျော်ကြေးပမာဏအပေါ် ကျေနပ်မှုမရှိခဲ့လျှင် အဆိုပါနိုင်ငံများက တရားရုံးတွင် အလားတူ ကိုယ်တိုင်တရားစွဲဆိုခွင့်ရှိနေသည့်အပေါ် မည်သို့တားမြစ်မည်နည်း ဆိုသည့်အချက်ဖြစ်ပါတယ်။

၆၀။ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက အခြားစာချုပ်ဝင် နိုင်ငံများအပေါ် တာဝန်ရှိမှုဟူသည့် သဘောတရားနှင့် တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်နိုင်ခွင့်တို့၏ ဆက်နွယ်မှုသည် အပြည်ပြည်ဆိုင်ရာဥပဒေတွင် အများဆိုင်ရာ အကျိုးစီးပွားအတွက် အဖွဲ့ဝင်တစ်ဦးက ဝင်ရောက်ဆောင်ရွက်ခြင်း (actio popularis) ဟူသည့် သဘောတရားကို တစ်ဖက်လှည့်ဖြင့် ဖော်ပြရာရောက်နေလိမ့်မည်ဖြစ်ပါတယ်။ အဆိုပါ အကြောင်းအရာသည် သီးခြားစီဖြစ်သော ဥပဒေမူ သဘောတရားနှစ်ရပ်မှ ဂမ်ဘီယာနိုင်ငံက ကျိုးကြောင်းဆီလျော်မှုမရှိဘဲ ကောက်ယူတင်ပြခြင်းအပေါ် အခြေခံ၍ ရမည်မဟုတ်ဘဲ နိုင်ငံများ၏ သဘောတူညီချက်အပေါ်တွင် အခြေခံရမည်ဖြစ်သည့်အပြင် Genocide Convention တွင် ပါရှိသည့် ဖော်ပြချက်ကိုလည်း ကြည့်ရမည်ဖြစ်ပါတယ်။

၆၁။ အထက်ပါအကြောင်းများကြောင့် ဂမ်ဘီယာနိုင်ငံသည် ယခုအမှုတွင် တရားစွဲဆို ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် ယင်း၏ လျှောက်ထားမှုကို လက်ခံခွင့်ပြုခြင်းမပြုဘဲ ပလပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

၆၂။ စိတ်ပါဝင်စားစွာ နားထောင်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါတယ်။

၆၃။ ဥက္ကဋ္ဌခင်ဗျာ၊ ယခု တရားရုံးတော်အနေနဲ့ ခေတ္တနားဖို့ သင့်မြတ်တဲ့အချိန်ဖြစ်ပါတယ်။ သို့မဟုတ် ဆက်လက်ကြားနာမည်ဆိုပါက မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာ တတိယအချက်ကို တင်ပြပေးဖို့ မြန်မာနိုင်ငံ၏ရှေ့နေ Professor Mr ROBERT KOLB ကို လျှောက်လဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

---

*※ ကျောဖုံးမှ*

မင်းကုန်းကျေးရွာနေ ဒေါ်နေခြည်မင်း၏ နေအိမ်သို့ လွှန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများသည် လက်နက်များ ကိုင်ဆောင်ရောက်ရှိလာပြီး ဒေါ်နေခြည်မင်း၏ မောင်ဖြစ်သူအား **"ဒေါ်နေခြည်မင်းအနေဖြင့် အလုပ်မှ CDM ပြုလုပ်ပြီး ကျေးရွာသို့ ရောက်ရှိသည့်အချိန်မှ ပြန်လွှတ်ပေးမည်"** ဟု ပြောဆို၍ ဓားစာခံဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများက ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် မောင်ဖြစ်သူအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ဒေါ်နေခြည်မင်းသည် ၎င်းတာဝန် ထမ်းဆောင်လျက်ရှိသည့် ရေကန်သာကျေးရွာအုပ်စုမှ ၎င်းနေထိုင်ရာ မင်းကုန်းကျေးရွာသို့ ခွင့်ပြန်သွားခဲ့ပြီး အကြမ်းဖက်သမားများထံမှ မောင်ဖြစ်သူအား ပြန်လည်ခေါ်ယူ၍ ကျေးရွာ၌ ပြန်လည်နေထိုင်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်များကြောင့် ဖေဖော်ဝါရီ ၂၂ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်းကုန်းကျေးရွာသို့ သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အဆိုပါကျေးရွာနေ ပြည်သူများက အကြမ်းဖက်သမားများနှင့် တိုက်ပွဲဖြစ်ပွားမည်ကို ကြောက်ရွံ့၍ ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း ဒေါ်နေခြည်မင်းနှင့် မိသားစုဝင်များမှာ ၎င်းတို့၏ နေအိမ်၌ ဆက်လက်နေထိုင်ခဲ့ကြကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ပြန်လည်ထွက်ခွာသွားပြီးနောက် ယင်းနေ့ ညနေပိုင်းတွင် မင်းကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက်လာပြီး ဒေါ်နေခြည်မင်းအား **"သတင်းပေး၊ ဒလန်"** ဟု စွပ်စွဲကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး သတ်ဖြတ်ခဲ့ကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးမှုများ သွားရောက် ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းများအား အကြောင်းအမျိုးမျိုးပြ စွပ်စွဲသတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသဖြင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

---

## ပွင့်ဖြူမြို့နယ် မုန်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် သဘာဝ မြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာများကို ပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရေယာဉ်ကျေးရွာအနီး မုန်းချောင်းအတွင်း ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ AE ဦးစိုးတင့်၊ ခရိုင်တာဝန်ခံ/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းနှင့် ဝန်ထမ်းများ၊ ပွင့်ဖြူငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးစိုးလှိုင်နှင့် ဝန်ထမ်းများ၊ ရေယာဉ်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ပွင့်ဖြူငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ တစ်သိန်းအား မုန်းချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*❍ ကျောဖုံးမှ*

ပွဲချိန် ၇ မိနစ်တွင် လိုဒီ၏ ဖန်တီးမှုမှ ဖီးလစ်က လှလှပပ ခေါင်းတိုက်အဆုံးသတ်ကာ အိမ်ရှင် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုး ရယူခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်းသည် ခြေစွမ်းကျဆင်းလာသည့် လင်ဒီလော့ဖ်၊ ပေါ့ဂ်ဘာ၊ လုခ်ရှော၊ ရက်ဖို့ဒ်တို့ကို အနားပေးကာ ဝမ်ဘစ်ဆာကာ၊ မာတစ်၊ တဲလပ်စ်၊ အီလန်ဂါတို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ထို့နောက်တွင် မန်ယူအသင်း ကစားအားတက်လာပြီး လိုအပ်သည့် ချေပဂိုးရယူနိုင်ခဲ့သည်။ အဆိုပါချေပဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ လူစားဝင်ကစားသမား အီလန်ဂါက သွင်းယူပေးခဲ့သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် မန်ယူအသင်းတို့သည် ယခုပွဲစဉ်တွင် အနိုင်၊ အရှုံး ပြတ်သားစွာမထွက်ပေါ်ခဲ့သည့်အတွက် အိုးထရက်ဖို့ဒ်တွင် ယှဉ်ပြိုင်ကစားမည့် ဒုတိယအကျော့ပွဲစဉ်တွင် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

အခြားသောပွဲစဉ်တွင် ဘင်ဖီကာနှင့် အိုင်းယက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

# ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာ

ခန့်ဇော်(ကျေးလက်)

### နောက်ခံသမိုင်းကြောင်း

ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းတံတားဖွံ့ဖြိုးရေးဟာ အလွန်အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးမှုဖြစ်ရခြင်း အခြေခံအကြောင်းရင်းတစ်ချက်ဟာ ကျေးလက်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိခြင်းကြောင့် ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ကောက်ယူခဲ့တဲ့စာရင်းအရ ကျေးရွာပေါင်း ၅၇၂၂၈ ရွာမှာ အဆင့်မြင့်လမ်းမကြီးများနဲ့ ချိတ်ဆက်သောရွာ ၁၂၄၀၅ ရွာ ၂၀ ရာခိုင်နှုန်း၊ ရာသီမရွေးသွားလာနိုင်သောလမ်းရှိသည့်ရွာ ၁၆၂၃၈ ရွာ ၂၈ ရာခိုင်နှုန်း၊ ခြောက်သွေ့ရာသီ၌သာ သွားလာနိုင်သည့်ရွာ ၂၀၃၅၅ ရွာ ၃၆ ရာခိုင်နှုန်းနဲ့ လမ်းမပေါက်သေးတဲ့ ကျေးရွာ ၈၂၃၀ ၁၄ ရာခိုင်နှုန်းရှိတာ တွေ့ရပါတယ်။ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ ADB နဲ့ပူးပေါင်းပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာကို ရေးဆွဲခဲ့ပါတယ်။

### ကျေးလက်လမ်းနှင့် SDG ပန်းတိုင်ဆက်သွယ်မှု

**SDG–1** နေရာအနှံ့ဆင်းရဲမှု အဆုံးသတ်ရေး၊ **SDG–2** စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှုတိုးတက်ရေး၊ **SDG–3** လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး၊ **SDG–4** လူတိုင်း ပညာရည်မြင့်မားရေးနှင့် အစဉ်လေ့လာသင်ယူနိုင်ရေး၊ **SDG–8** အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေး၊ **SDG–9** သဘာဝဘေးဒဏ်ခံနိုင်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ **SDG–10** မညီညာမှုများလျှော့ချရေး စသည့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များဖြင့် ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ကျေးလက်လမ်းများကို ရာသီမရွေးဆက်သွယ်သွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးခြင်း၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်သည့် ဒီဇိုင်းများပြင်ဆင်ခြင်း၊ သင့်လျော်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို အာမခံပေးနိုင်ကာ နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်မှာ ဖြစ်ပါတယ်။

### မဟာဗျူဟာရေးဆွဲချိန် ကျေးလက်လမ်းတံတားများအခြေအနေ (၂၀၁၆/ ၁၇) ကာလ

ကျေးလက်လမ်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်လမ်းများရဲ့ ၆ ရာခိုင်နှုန်းမှာ ကွန်ကရစ်နဲ့ ကတ္တရာ၊ ၂၈ ရာခိုင်နှုန်းမှာ ဂဝံ၊ ကျောက်၊ ရိဇာ၊ အမာခံလမ်းနဲ့ ၆၆ ရာခိုင်နှုန်းမှာ မြေသားလမ်းအမျိုးအစားများ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ကျေးလက်တံတားပေါင်း ၂၃၁၆၇ စင်း (စုစုပေါင်း အရှည် ၅၆၃၄၄၈ ပေ) ရှိပြီး သစ်သားတံတား ၃၁ ရာခိုင်နှုန်း၊ ကွန်ကရစ်တံတား ၂၄ ရာခိုင်နှုန်း၊ Box Culvert ၄၀ ရာခိုင်နှုန်း၊ ရေကျော် ၄ ရာခိုင်နှုန်း၊ ကြိုးတံတား ၁ ရာခိုင်နှုန်းနဲ့ ဘေလီတံတား ၀ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။

### မဟာဗျူဟာရေးဆွဲခဲ့မှု အခြေအနေ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Focal အဖြစ် ဦးဆောင်တာဝန်ယူပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းကာ Zero Draft ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ အကြံပြုချက်များရယူ၍ ဆောင်ရွက်ခဲ့ရာ၂၀၁၇ ခုနှစ် မတ်လတွင် Final Draft ရရှိခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြအတည်ပြုထုတ်ပြန်ခဲ့ပါတယ်။




အဓိကချိတ်ဆက်သည့် လမ်းကွန်ရက်စနစ်။

> ❑ **ကျေးလက်လမ်းများကို ရာသီမရွေး ဆက်သွယ်သွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးခြင်း၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်သည့် ဒီဇိုင်းများပြင်ဆင်ခြင်း၊ သင့်လျော်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို အာမခံပေးနိုင်ကာ နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်**

### မဟာဗျူဟာရည်မှန်းချက်နှင့် ချဉ်းကပ်မှုနည်းလမ်း

**"၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရှိ ကျေးရွာအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းနဲ့ နိုင်ငံအတွင်းရှိ ကျေးလက်လူဦး ရေရဲ့ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် ရည်ရွယ်ခဲ့ပါတယ်"။**

စာရင်းကောက်ယူထားသော ကျေးရွာပေါင်း ၅၇၂၂၈ ရွာမှာ ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၁၀၀၀ နှင့်အထက် ကျေးရွာများအားလုံး၊ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၅၀၀ နှင့် အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၂၅၀ နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာ ၅၀ ရာခိုင်နှုန်းတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ပါတယ်။

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှာ လူဦးရေမည်သို့ပင်ရှိစေကာမူ တူညီသည့်အခွင့်အရေးရရှိရန်၊ ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းဆောင်ရွက်ရန် ရည်မှန်းထားရှိပါတယ်။

### အဓိကချိတ်ဆက်သည့် လမ်းကွန်ရက်စနစ် (Core Rural Road Network, CRRN)

မြို့နယ်တစ်ခုအတွင်းရှိ ကျေးရွာများအချင်းချင်းနှင့် ပိုမိုအဆင့်မြင့်သောလမ်းကွန်ရက်သို့ ချိတ်ဆက်ပေးနိုင်သော ကျေးလက်လမ်းကွန်ရက်ပင် ဖြစ်ပါတယ်။ ကျေးရွာတစ်ရွာဟာ ပိုမိုအဆင့်မြင့်သောလမ်းဖြင့် ချိတ်ဆက်ထားပါက CRRN လမ်း လိုအပ်မှာ မဟုတ်ပါ။ ကျေးရွာတစ်ရွာဟာ ကျေးလက်လမ်းတစ်ခုတည်းသာ ချိတ်ဆက်ထားပါက ထိုလမ်းအား CRRN လမ်းအဖြစ် သတ်မှတ်ပါတယ်။ ကျေးရွာတစ်ရွာဟာ တစ်လမ်းထက်မက ပို၍ချိတ်ဆက်ထားပါက အကောင်းဆုံးလမ်းအား ရွေးချယ်ပြီး CRRN လမ်းအဖြစ် သတ်မှတ်ပါတယ်။ ကျေးရွာတစ်ရွာဟာ မည်သည့်လမ်းနှင့်မှ ချိတ်ဆက်မထားပါက မှန်ကန်သော လမ်းအူကြောင်းကို ရွေးချယ်ပြီး လမ်းသစ်ဖောက်လုပ်ရေးအတွက် CRRN ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ပါတယ်။

### ကျေးလက်လမ်း CRRN ၏ စံသတ်မှတ်ချက်များ

ကျေးရွာအားလုံးဆက်သွယ်နိုင်ရန် CRRN ကို အခြေခံတဲ့ အနည်းဆုံး ကျေးလက်လမ်းကွန်ရက်ရှိရန်၊ CRRN မှာ ရာသီမရွေးသွားလာနိုင်စေရန်၊ ၁၂ ပေအကျယ် ကျောက်လမ်း၊ ဂဝံလမ်း၊ ရိဇာလမ်း (အမာခံလမ်း) များ ပိုမိုကောင်းမွန်ရေးဆောင်ရွက်ရန်၊အရေးပါသောလမ်းများ၊ယာဉ်အသွားအလာများသောလမ်းများ ပိုမိုမြင့်မားသောစံနှုန်းဖြင့် အဆင့်မြှင့်တင်နိုင်ရေး (ကတ္တရာ၊ ကွန်ကရစ်) ဆောင်ရွက်ရန် သတ်မှတ်ထားပါတယ်။

### လမ်းအမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ချက်

ကျေးလက်လမ်းများကို အောက်ပါအတိုင်း အဆင့် သုံးမျိုးခွဲခြားထားပါတယ် –

၁။ **အဆင့်(က)** လူဦးရေ ၁၀၀၀ အထက်ရှိ ကျေးရွာများ ဆက်သွယ်သည့်လမ်း (ကျေးရွာအုပ်စုမှ မြို့(သို့) အဓိကလမ်းမကြီးသို့ ဆက်သွယ်သည့်လမ်း)

၂။ **အဆင့်(ခ)** လူဦးရေနည်းသောကျေးရွာများ ဆက်သွယ်သည့်လမ်း (ကျေးရွာမှ အဆင့်(က) လမ်းသို့ ဆက်သွယ်သည့်လမ်း၊ ကျေးရွာအုပ်စုမှကျေးရွာသို့ ဆက်သွယ်သည့်လမ်း၊ ကျေးရွာချင်းဆက်လမ်း၊)

၃။ **အဆင့်(ဂ)** အဆင့်(က)နှင့်အဆင့်(ခ)တို့တွင် မပါဝင်သောလမ်း (CRRN မရှိသည့် ကျေးရွာများ၊ လမ်းသွယ်၊ ကျေးရွာငယ်၊ ရွာတွင်းလမ်း)ဆိုပြီး ခွဲခြားထားပါတယ်။

### ကျေးလက်လမ်းအဆင့်အတန်းနှင့် စံသတ်မှတ်ချက်များ

**အဆင့်(က)**မှာ လမ်းအကျယ် ၁၂ ပေ၊ အပွန်းခံလွှာကတ္တရာ/ကွန်ကရစ်မျက်နှာပြင်၊ ၃၆ တန်ခံနိုင်ဝန်အားရှိသော သံမဏိ/ ကွန်ကရစ်တံတား၊ **အဆင့်(ခ)** မှာ လမ်းအကျယ် ၁၂ ပေ၊ အမာခံလမ်းအဆင့်မြင့် (ကျောက်၊ ဂဝံ၊ ရိဇာ)မျက်နှာပြင်၊ တန် ၂၀ ခံနိုင်ဝန်အားရှိသော သံမဏိ/ကွန်ကရစ်တံတား၊ **အဆင့်(ဂ)**မှာ လမ်းအကျယ် ၆–၁၂ ပေ၊ မြေသားမျက်နှာပြင်နှင့် သစ်သားတံတားဟု သတ်မှတ်ထားပါတယ်။

သတ်မှတ်စံနှုန်းထက်များသော၊ ယာဉ်အသွားအလာများသော လမ်းများအတွက် လမ်းအကျယ် ၁၈ ပေဖြစ်ပြီး ကျန်သတ်မှတ်ချက်များမှာ အဆင့်(က)နှင့် တူညီပါတယ်။ မတူညီတဲ့ ရာသီဥတုဘေးဒဏ်သင့်ခံစားရသောဒေသများမှာ ရာသီဥတုဒဏ်ခံဒီဇိုင်းများ ထည့်သွင်းစဉ်းစားရမှာဖြစ်သလို ဒေသအလိုက် ရာသီဥတု၊ မြေနှင့် ဒေသထွက်ပစ္စည်းများအပေါ် အခြေခံပြီး Feasible Study (F.S)လုပ်ပြီးမှ Design ရေးဆွဲရန် ဖြစ်ပါတယ်။

### တစ်နိုင်ငံလုံး CRRN လိုအပ်ချက် ၁၀၀ ရာခိုင်နှုန်း

ADB ခန့်မှန်းချက်အရ စာရင်းကောက်ခံရရှိသော ကျေးရွာ ၅၇၂၂၈ အတွက် ဆက်သွယ်နိုင်ရန် လိုအပ်မိုင်ပေါင်း ၆၉၀၀၀၊ ရာသီမရွေးသွားလာနိုင်သည့်လမ်း မိုင် ၂၀၅၀၀၊ အဆင့်မြှင့်ရန် လိုအပ်သော ခြောက်သွေ့ရာသီလမ်း မိုင် ၃၃၆၀၊ အသစ်ဖောက်လုပ်ရန် လိုအပ်သည့်လမ်း မိုင် ၁၅၀၀၀ ရှိပါတယ်။

### ဦးစားပေးရွေးချယ်ခြင်း

၂၀၃၀ ပြည့်နှစ်တွင် စာရင်းကောက်ယူပြီး ကျေးရွာအားလုံး၏ အနည်းဆုံး ၈၀ ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်ရန်အတွက် ပထမဦးစားပေး (၁)အနေဖြင့် လူဦးရေ ၁၀၀၀ အထက် ကျေးရွာများ၊ ဒုတိယဦးစားပေး (၂)အနေဖြင့် လူဦးရေ ၅၀၀ အထက် ကျေးရွာများ၊ တတိယဦးစားပေး (၃)အနေဖြင့် လူဦးရေ ၂၅၀ အထက် ကျေးရွာများ၊ စတုတ္ထဦးစားပေး (၄)အနေဖြင့် လူဦးရေ ၂၅၀ အောက် ကျေးရွာများ စသဖြင့် ကျေးရွာများအား ရွေးချယ်ရန်ဖြစ်ပါတယ်။

### ဦးစားပေးသတ်မှတ်ခြင်း(Targeting / Ranking)

(၁) အကျိုးပြုလူဦးရေ၊ ကျေးရွာ၊ စီးပွားရေး (Beneficially population/ Village/ Economical)၊ (၂) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု (Environmental Impact)၊ (၃) နေ့စဉ်ယာဉ်သွားလာမှု (Traffic flow (ADT))၊(၄) ဆင်းရဲမှုရာခိုင်နှုန်း(Poverty %)၊ (၅) ဈေး၊ရွာ၊ ကျောင်း၊ ဆေးပေးခန်း စသည့်အကျိုးပြုမှု (Accessibility/ Travel Time Save)၊ (၆) အိမ်ထောင်စုတစ်ခုအပေါ် ရင်းနှီးမြှုပ်နှံမှု (Investment per Household)၊ (၇)ရွှေ့ပြောင်း နေထိုင်ရန်လိုအပ်မှု (Resettlement Needed) စသည့်အချက်များဖြင့် ဦးစားပေးသတ်မှတ်ရန်ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

> **ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်း ရာသီမရွေး သွားလာနိုင်သောလမ်း ဆောင်ရွက်ရန်ရည်မှန်း၍ ယခင်ရှိပြီးလမ်းများ ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်ရန် လမ်းမိုင်ပေါင်း ၂၆၀၀၀၊ လမ်းအသစ်ဆောင်ရွက်ရန် မိုင်ပေါင်း ၆၆၀၀၊ တံတားများ အဆင့်မြှင့်တင်တည်ဆောက်ခြင်း ၂၃၅၁၅၅ ပေ၊ လမ်းပြင်ဆင်ထိန်းသိမ်းရန် မိုင်ပေါင်း ၆၀၇၂၅ မိုင်တို့အတွက် ဆောင်ရွက်လျက်ရှိ**

### လုပ်ငန်းအစီအစဉ်နှင့် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်

ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်း ရာသီမရွေး သွားလာနိုင်သောလမ်း ဆောင်ရွက်ရန်ရည်မှန်း၍ ယခင်ရှိပြီးလမ်းများ ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်ရန် လမ်းမိုင်ပေါင်း ၂၆၀၀၀၊ လမ်းအသစ်ဆောင်ရွက်ရန် မိုင်ပေါင်း ၆၆၀၀၊ တံတားများ အဆင့်မြှင့်တင်တည်ဆောက်ခြင်း ၂၃၅၁၅၅ ပေ၊ လမ်းပြင်ဆင်ထိန်းသိမ်းရန်မိုင်ပေါင်း ၆၀၇၂၅ မိုင်တို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ (လမ်းပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်မည့် လမ်းမိုင်များအား ခန့်မှန်းတွက်ချက်ထားပါတယ်။)

**ပြင်ဆင်ထိန်းသိမ်းခြင်းအစီအစဉ်**

(၁) **ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း (Regular routine maintenance)**

ဒေသခံအဖွဲ့အစည်းများနှင့် ဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်။

(၂) **လိုအပ်ချက်အရပြင်ဆင်ထိန်းသိမ်းခြင်း (Periodic maintenance)**

ရာသီမရွေးသွားလာနိုင်သည့် လမ်းများအတွက် အရေးကြီးပါတယ်။ ကတ္တရာလမ်း၊ တံတားများအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းအား ကန်ထရိုက်စနစ်(သို့) ဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်။

(၃) **BOT စနစ်မရှိသော ကျေးရွာချင်းဆက်လမ်းများအတွက်**

ကျေးရွာအဆင့်ကျေးလက်လမ်း၊ တံတားပြုပြင်ထိန်းသိမ်းရေးကော်မတီ၊ ကျေးရွာများမှ ကိုယ်ထူကိုယ်ထစနစ်၊ တန်ပိုယာဉ်များ ဖြတ်သန်းမှုကို ကြီးကြပ်ခြင်း၊ အသေးစားပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ရန် လိုအပ်ပါက ဌာနသို့အကြောင်းကြားရန် စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ကျေးရွာလူထုပူးပေါင်းပါဝင်ဆောင်ရွက်သည့် လူထုအခြေပြု ပြင်ဆင်ထိန်းသိမ်းရေးအစီအစဉ်များလည်း ဆောင်ရွက်သင့်ပါတယ်။

**ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေလိုအပ်ချက်**

၂၀၃၀ ပြည့်နှစ်အထိ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံဖြစ်ပြီး ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၃၃၀ (တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၂၀) နှင့် လိုအပ်ချက်အရ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ (တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀-၁၀၀ သန်း)တို့ ဖြစ်ပါတယ်။ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေအား ဌာနဆိုင်ရာများ/ နိုင်ငံတော်ဘတ်ဂျက်ရဲ့ ၂၀ ရာခိုင်နှုန်း လျာထားပြီး ၂၀၃၀ ပြည့်နှစ်အတွင်း ၃၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် လိုအပ်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်(၂၀၁၇ ကာလခန့်မှန်း)**

**(၁) ရာသီမရွေးလမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း**

လက်ရှိလမ်းများ ရာသီမရွေး သွားလာနိုင်ရန် အဆင့်မြှင့်တင်ရန် လမ်းမိုင်ပေါင်း ၂၆၀၀၀ အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇၉ ဘီလီယံ၊ လမ်းအသစ်ဖောက်လုပ်ရန်မိုင်ပေါင်း ၆၆၀၀ အတွက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၃၀ ဘီလီယံ၊ တံတားများ အဆင့်မြှင့်ရန် ၂၃၅၁၅၅ ပေအတွက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၂၆ ဘီလီယံ၊ စုစုပေါင်း ၂ ဒသမ ၅၃၅ ဘီလီယံ လိုအပ်ပါတယ်။

**(၂) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ**

ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၃၂ ဘီလီယံ၊ လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၅ ဘီလီယံ၊ စုစုပေါင်း ၁ ဒသမ ၃၆၇ ဘီလီယံ လိုအပ်ပါတယ်။

ရာသီမရွေးလမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ နှစ်ခုပေါင်းအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၀၂ ဘီလီယံ လိုအပ်ပါတယ်။

**ရန်ပုံငွေ (Financing)**

၂၀၃၀ ပြည့်နှစ်ထိ စုစုပေါင်း ရန်ပုံငွေလိုအပ်မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၀၂ ဘီလီယံဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရရှိပါတယ်။ ပြည်ထောင်စုဘတ်ဂျက်မှ မဟာဗျူဟာကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရရှိရန် မျှော်မှန်းနိုင်ပါတယ်။ စုစုပေါင်း ရန်ပုံငွေလိုအပ်ချက်ထက်ထက်ဝက်မျှလိုအပ်နေတာကို တွေ့ရပါတယ်။

**ရန်ပုံငွေလိုအပ်ချက် ပြည့်မီရန် Fuel Tax ကောက်ခံခြင်း**

လိုအပ်နေသည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀ ဘီလီယံအား ထပ်ဆောင်းရရှိနိုင်ရန်အတွက် စက်သုံးဆီတင်သွင်းမှုအပေါ် တစ်လီတာလျှင် သင့်တော်သည့်နှုန်း ကောက်ခံရန်၊ အခွန်ကောက်ခံငွေအားလုံးသည် သယ်ယူပို့ဆောင်ရေးလမ်းများအတွက် ကာမိစေရန်နှင့် သင့်တော်သည့်အချိန်တွင် စတင်နိုင်ရန် ရည်မှန်းထားပါတယ်။ (ဥပမာအနေဖြင့် နီပေါနှင့် အိန္ဒိယနိုင်ငံတို့တွင် Fuel Tax ကောက်ခံခြင်းကို ကျင့်သုံးနေကြောင်း လေ့လာသိရှိရပါတယ်။) အဆိုပြုခြင်းသာဖြစ်ပြီး သက်ဆိုင်သူအားလုံးနှင့် သဘောတူညီချက်ရယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ဖြစ်ပါတယ်။

**မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီ**

ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနဲ့ နိုင်ငံတကာအကူအညီရရှိရေးကလည်း မဟာဗျူဟာမျှော်မှန်းချက် ပြည့်မီရေးအတွက် အလွန်အရေးကြီးပါတယ်။ World Bank၊ ADB၊ JICA၊ KfW၊ RECap စသည့်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါတယ်။

**ရန်ပုံငွေရရှိမှုအပေါ် အကျိုးသက်ရောက်မှု**

ရန်ပုံငွေအသုံးပြုနိုင်မှုသည် ၂၀၃၀ ပြည့်နှစ်ရည်မှန်းချက်အား ပြောင်းလဲနိုင်ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဘီလီယံရရှိမှု လျော့နည်းပါက ရာသီမရွေးအသုံးပြုကျေးရွာ ၁၀ ရာခိုင်နှုန်းနှင့် ရာသီမရွေး အသုံးပြုလူဦးရေအပေါ် ၈ ရာခိုင်နှုန်း လျော့နည်းမှာ ဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဘီလီယံရရှိမှု ပိုမိုရရှိပါက ရာသီမရွေးအသုံးပြုကျေးရွာ ၁၀ ရာခိုင်နှုန်းနှင့် ရာသီမရွေး အသုံးပြုလူဦးရေအပေါ် ၄ ရာခိုင်နှုန်း ပိုမိုမှာ ဖြစ်ပါတယ်။

**စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်း**

မဟာဗျူဟာရည်မှန်းချက်အရ စာရင်းကောက်ယူထားသော ကျေးရွာများ၏ ၉၀ ရာခိုင်နှုန်းအတွက် လမ်းပန်းဆက်သွယ်ရေး (အနည်းဆုံးကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်မှု)တိုးတက်မှုကို စောင့်ကြည့်စေခြင်း၊ ရည်မှန်းချက်နှင့် စွမ်းဆောင်ရည်အကဲဖြတ် (Key Performance Indicators & Targets) မှတ်တမ်းအား အသုံးပြုခြင်း၊ နှစ်စဉ် ဒီဇင်ဘာလတွင် အချက်အလက်များ Update ပြုလုပ်ထားရှိခြင်းနှင့် တိုးတက်မှုအစီရင်ခံစာအား ဒေသန္တရလမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဆင့်ဆင့်ထံ အစီရင်ခံခြင်းတို့ဖြင့် ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လမ်းများ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရန် အုပ်ချုပ်မှုအဖွဲ့အစည်း၊ ဌာနဆိုင်ရာ၊ ပြည်သူများနှင့် Third Party တို့ ပါဝင်ရပါမယ်။ ဌာနဆိုင်ရာများမှ လုပ်ငန်းဆောင်ရွက်မှုအပေါ် အမြဲစောင့်ကြည့်စစ်ဆေးရမယ်။ ပြည်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ လုပ်ငန်းများအပေါ် စောင့်ကြည့်စေပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကူညီရပါမယ်။ လုပ်ငန်းဆောင်ရွက်စဉ် အခက်အခဲ တစ်စုံတစ်ရာရှိပါက (ဥပမာ - တစ်ရွာနှင့်တစ်ရွာ ညှိနှိုင်းရန်လိုအပ်ခြင်း၊ မြေယာပြဿနာ စသည့်) ပြည်သူများ၊ ဌာနဆိုင်ရာနှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများမှ ဝိုင်းဝန်းဖြေရှင်းရမှာ ဖြစ်ပါတယ်။

**သုတေသနနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး**

ဌာနဆိုင်ရာ၊ ကုမ္ပဏီနှင့် ကော်မတီတို့၏ စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building)၊ ဓာတ်ခွဲခန်းများ တည်ဆောက်ခြင်းနှင့် စမ်းသပ်ခြင်း (laboratory)၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရန် လိုအပ်သော (Testing Instruments) များ ဖြည့်တင်းပေးခြင်းနှင့် ကျေးလက်လမ်းတံတားဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန် နှစ်စဉ် ကာလလတ်/ နှစ်ရှည် စီမံကိန်း၊ စီမံချက်များရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါတယ်။

**အဖွဲ့အစည်းတာဝန်များ**
**(Institutional responsibilities)**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆောင်ရွက်ရန် တာဝန်များမှာ မြို့နယ်အဆင့်တွင် Plan ဆွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် အချက်အလက်စုဆောင်းခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် အစီအမံရေးဆွဲခြင်း၊ ဝယ်ယူခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ တိုးတက်မှုစောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း၊ ဦးစီးဌာန (ရုံးချုပ်)အဆင့်တွင် အစီအမံရေးဆွဲခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ တိုးတက်မှုစောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းတို့ ဖြစ်ပါတယ်။

ပြည်နယ်/တိုင်းဒေသကြီး ဒေသဆိုင်ရာ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ၏တာဝန်မှာ အစီအမံများ အတည်ပြုခြင်း၊ စောင့်ကြည့်ခြင်း၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒေသန္တရလမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ တာဝန်မှာ စံချိန်စံညွှန်းများ ပြင်ဆင်ခြင်း၊ နှစ်စဉ် အစီအမံများ အတည်ပြုခြင်း၊ ဘတ်ဂျက်လျာထားခြင်းနှင့် စောင့်ကြည့်ခြင်း ဖြစ်ပါတယ်။ ဒေသန္တရလမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ တာဝန်မှာ မဟာဗျူဟာရေးဆွဲခြင်း၊ တိုးတက်မှုစောင့်ကြည့်ခြင်း၊ ရန်ပုံငွေညှိနှိုင်းခြင်းနှင့် အစီအမံများ အတည်ပြုခြင်းတို့ ဖြစ်ပါတယ်။

**မဟာဗျူဟာအကောင်အထည်ဖော်**
**ဆောင်ရွက်ပြီးစီးမှု**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (DRRD) နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နတလ) တို့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသို့ ပေးပို့လာသည့် အချက်အလက်များအရ မဟာဗျူဟာမရေးဆွဲမီ ၂၀၁၅ ခုနှစ်အထိ နှင့် ရေးဆွဲပြီးစီးသည့် နောက်ပိုင်းကာလများတွင် အမျိုးသားအဆင့် ကျေးလက်လမ်းများအား အောက်ပါအတိုင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်-

| ဆောင်ရွက်သည့်ခုနှစ် | ကုန်ထုတ်လမ်းအမျိုးအစား (မိုင်/ဖာလုံ) | | | | | |
|---|---|---|---|---|---|---|
| | ကွန်ကရစ် | ကတ္တရာ/ ထပ်ပိုးလွှာ | ကျောက် | ကျောက် ရောမြေ/ဂဝံ | မြေ | စုစုပေါင်း |
| ၂၀၁၅ ထိ ဆောင်ရွက်ပြီးစီးမှု | ၄၅၅/၃.၆၈ | ၄၀၂၈/၃.၂၄ | ၁၀၀၁၀/၁.၉၇ | ၃၄၂/၁.၅၅ | ၁၅၆၉၁/၁.၄၃ | ၃၀၅၂၇/၃.၈၇ |
| ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ထိပြီးစီးမှု | ၂၀၆၈/၀.၃၁ | ၁၉၂၅/၁.၄ | ၄၂၇၇/၀.၉၇ | ၅၈၀၁/၀.၆၄ | ၇၅၁၃/၅.၂၃ | ၂၁၅၈၅/၀.၅၅ |
| စုစုပေါင်း | ၂၅၂၃/၃.၉၉ | ၅၉၅၃/၄.၆၄ | ၁၄၂၈၇/၂.၉၄ | ၆၁၄၃/၂.၁၉ | ၂၃၂၀၄/၆.၆၆ | ၅၂၁၁၂/၄.၄၂ |

| ဆောင်ရွက်သည့်ခုနှစ် | တံတားအမျိုးအစား (စင်း) | | | | |
|---|---|---|---|---|---|
| | ကွန်ကရစ်/ သစ်သား တံတား | ကြိုးတံတား | ရေပြွန်/ Box Culvert | ရေကျော်/ အခြား | စုစုပေါင်း |
| ၂၀၁၅ ထိ ဆောင်ရွက်ပြီးစီးမှု | ၇၅၈၉ | ၁၆၆ | ၁၃၁၃၀ | ၇၉၀ | ၂၁၆၇၅ |
| ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ထိပြီးစီးမှု | ၄၆၅၇ | ၂၂၆ | ၁၀၁၉၁ | ၁၂၂၇ | ၁၆၃၀၁ |
| စုစုပေါင်း | ၁၂၂၄၆ | ၃၉၂ | ၂၃၃၂၁ | ၂၀၁၇ | ၃၇၉၇၆ |

*စာမျက်နှာ ၁၂ သို့*




# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ကိုဗစ်-၁၉ ရောဂါ ခံတတ်ခွဲ အတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက် ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ် အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော် (လေ) မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း၌ထားရှိသော ဆေးတစ်လုံးလျှင် လူ ၁၀ ဦး ထိုးနှံနိုင်သော Covaxin နှင့် ဆေးတစ်လုံးလျှင် လူ ၁၁ ဦး ထိုးနှံနိုင်သော Covishield အမှတ်တံဆိပ် ကာကွယ်ဆေးများကို ယနေ့တွင် ပို့ဆောင်ပေးရာ ချင်းပြည်နယ် မတူပီမြို့သို့ Covaxin ၈၀၀၊ Covishield ၁၃၈ လုံး၊ မင်းတပ်မြို့သို့ Covaxin ၃၀၀၊ Covishield ၁၀၈၊ ကန်ပက်လက်မြို့သို့ Covishield ၄၄ လုံး၊ ပလက်ဝမြို့သို့ Covaxin ၂၀၀၊ Covishield ၃၁၃ လုံး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ Covaxin ၇၀၀ နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ Covaxin ၂၅၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများ နှင့် မြန်မာ့လေကြောင်းလိုင်း MNA တို့ဖြင့် ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေး စခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၅၁၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၁၉၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၅၉၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၁၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၈၄၃၀ နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၆၆၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၃၄ ဦးတို့ကိုတပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၁ မှ*

### ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျေးရွာတွင်းလမ်းများ ဆောင်ရွက်မှု

### (က) ကျေးလက်ကုန်ထုတ်လမ်းတံတား

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) အနေဖြင့် ကျေးလက်ဒေသတွင် စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား လုပ်ငန်းများအား အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်-

| ဆောင်ရွက်သည့်ခုနှစ် | ကုန်ထုတ်လမ်း(မိုင်/ဖာလုံ) | | | ကုန်ထုတ် တံတား/ရေပွန်(စင်း) |
|---|---|---|---|---|
| | မြေသားလမ်း | အမာခံလမ်း | စုစုပေါင်း | |
| ၂၀၁၈ (ဖလဘတ်ဂျက်) မှ၂၀၂၀-၂၀၂၁ထိ | ၃၀၁/၇.၈၄ | ၁၁၄၈/၀.၄၅ | ၁၄၅၀/၀.၂၉ | ၁၉၁၅ |

### (ခ) ကျေးရွာတွင်းလမ်း၊တံတား

လူထုအခြေပြုစီမံကိန်းများဖြစ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)၊ လူထုဗဟိုပြု စီမံကိန်း (CDD)၊ Cash for Work စီမံကိန်းနှင့် မြစိမ်းရောင်စီမံကိန်းများဖြင့် ပြည်သူလူထု ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်တဲ့ ကျေးရွာတွင်းလမ်းတံတား တည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

#### ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာတွင်းလမ်းတံတား တည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ

| စဉ် | ရွာတွင်းလမ်း အမျိုးအစား | စီမံကိန်းအမည် | | | | |
|---|---|---|---|---|---|---|
| | | CDD | မြစိမ်းရောင် | CFW | VDP | စုစုပေါင်း |
| ၁ | အမာခံလမ်း (မြေ/ ရိုဇာ/ကျောက်) | ၇၇၇၃/၃ | ၂၃၂/၅ | ၉၄၂/၅.၆ | ၂၁၆၄/၃.၂ | ၁၁၁၁၃/၀.၈ |
| ၂ | ကွန်ကရစ်/ကတ္တရာ | ၁၅၇၁/၂ | ၁၁၃/၅.၉ | ၄၇/၁.၅ | ၈၃၃/၂.၄ | ၂၅၆၅/၃.၈ |
| | **စုစုပေါင်း** | **၉၃၄၄/၅** | **၃၄၆/၂.၉** | **၉၈၉/၇.၁** | **၂၉၉၇/၅.၆** | **၁၃၆၇၈/၄.၆** |

| စဉ် | တံတား အမျိုးအစား | စီမံကိန်းအမည် | | | | |
|---|---|---|---|---|---|---|
| | | CDD | မြစိမ်းရောင် | CFW | VDP | စုစုပေါင်း |
| ၁ | ကွန်ကရစ်/သစ်သား/ ကြိုးတံတား | ၁၄၁၆ | ၁၀၇ | ၄၁ | ၆၉၃ | ၂၂၅၇ |
| ၂ | Box Culvert/ရေကျော် | ၄၃၃ | ၁၁၂ | ၇၈၆ | ၇၈၅ | ၂၁၁၆ |
| | **စုစုပေါင်း** | **၁၈၄၉** | **၂၁၉** | **၈၂၇** | **၁၄၇၈** | **၄၃၇၃** |

### မျှော်မှန်းချက်အပေါ်ပြီးစီးရန် စိန်ခေါ်မှုနှင့် စဉ်းစားရန်များ

မဟာဗျူဟာရည်မှန်းချက်အရ ၂၀၂၅ ခုနှစ် ရည်မှန်းချက်မှာ၂၀၂၀၏(၂ဆ)၊ ၂၀၃၀ ပြည့်နှစ်ရည်မှန်းချက်မှာ ၂၀၂၀၏ (၃ဆ)ကျော်ခန့် မျှော်မှန်းထားခြင်းဖြစ်ပါ၍ ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေလိုအပ်ချက် စိန်ခေါ်မှုများ ရှိလာပါတယ်။ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မှုများအပြင် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ PPP Model၊ BOT Model နှင့် သမားရိုးကျမဟုတ်သော ဆောင်ရွက်နိုင်သည့် Model များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ရည်မှန်းချက်ပြည့်မီဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုလုပ်ဆောင်ရန် အရေးကြီးကြောင်း သုံးသပ်မိပါတယ်။

အမျိုးသားအဆင့် ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာရေးဆွဲရေး ပါဝင်ကူညီပေးခဲ့ကြပါသော တာဝန်ရှိသူအားလုံး၊ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာအားလုံး၊ ပညာရှင်များအားလုံး၊ ADB နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင် မှတ်တမ်းတင်လိုက်ရပါတယ်။ ။

**ကိုးကား – အမျိုးသားအဆင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အိုးတန်ရပ်ကွက်နေ ဆုဝေဖူး (၂၇) နှစ် (ဘ) ဦးအေးကြူသည် ၎င်းအသုံးပြုသည့် “ဆုဝေဖူး” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ နှင်းဖြူဖြူဆွေသည် ၎င်းအသုံးပြုသည့် “နှင်းဖြူဖြူဆွေ” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်မယ်ခုံဒေသအားအခြေပြု၍ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မိုးဗြဲမြို့နှင့် ဒီးမော့ဆိုမြို့များ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနှောင့်ယှက်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ် ကြေညာ၍ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူထိန်းသိမ်းခဲ့ရပြီးနောက် နိုင်ငံတော်တစ်ဝန်းလုံးတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်**

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ်အစိုးရ ရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို နမ့်မယ်ခုံဒေသတစ်ဝိုက်တွင် အခြေပြု၍ လုပ်ဆောင်လာခဲ့ပြီး လူနေအဆောက်အအုံများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍ လည်းကောင်း၊ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အသုံးချ၍ လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်ခြင်းများ လုပ်ဆောင်လာခဲ့သည်။ ၎င်းအပြင် ဒီဇင်ဘာ ၂၄ ရက်နေ့တွင် လွိုင်ကော်မြို့ လေဆိပ်တွင် အရပ်ဘက်ခရီးသည်တင် လေယာဉ်အား ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခြင်း၊ အရပ်ဘက် ခရီးသည်တင် မော်တော်ယာဉ်များအား ပစ်ခတ်တိုက်ခိုက်ခြင်းစသော လူအစုလိုက်အပြုံလိုက်သေစေနိုင်သည့် စစ်ရေးမဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအထိ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် နှစ် (၇၀) ပြည့် ကယားပြည်နယ်နေ့အခမ်းအနားမတိုင်မီ လွိုင်ကော်မြို့အား သိမ်းပိုက်၍ ကိုယ်တိုင်အစိုးရဖွဲ့ အုပ်ချုပ်နိုင်ရေး Social Media များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်ခဲ့ကာ ဇန်နဝါရီလဆန်းပိုင်းမှစ၍ ဆင်ခြေဖုံးရပ်ကွက်များအတွင်း အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လာခြင်းအပြင် ကျန်မြို့ကြီးများ၌လည်း အဝေးမှ ပစ်ခတ်နှောင့်ယှက်ခြင်းများ ပြုလုပ်လာခဲ့သည်။

နမ့်မယ်ခုံဒေသအား အခြေပြု၍ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မိုးဗြဲမြို့နှင့် ဒီးမော့ဆို မြို့များ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနှောင့်ယှက်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိ




ထိုသို့ဆောင်ရွက်မှုကြောင့် အေးချမ်းစွာ နေထိုင်လိုသော ဒေသခံပြည်သူ အချို့နှင့် ဝန်ထမ်းများအနေဖြင့် တိုက်ပွဲဖြစ်ပွားရာနေရာမှ လွတ်ကင်းရာသို့ ခေတ္တတိမ်းရှောင်ခဲ့ရသည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဇန်နဝါရီ ၆ ရက်မှစ၍ လွိုင်ကော်မြို့နယ်အတွင်း အဓိကကျသည့် လုံခြုံရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့ရာ မိုင်းလုံရပ်ကွက်အတွင်း ပြည်သူလူထုအား လူသားတံတိုင်းအဖြစ် အသုံးချတိုက်ခိုက်လာသည့် အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်နောက်ပိုင်းမှစ၍ အကြမ်းဖက်အဖွဲ့များအနေဖြင့် သုံးမြောင်းဆုံ၊ ဘုရားဖြူ၊ နမ့်မယ်ခုံ၊ ဆင်မတောင်ရွာများသို့ အဆင့်ဆင့်ဆုတ်ခွာသွားခဲ့သည်။

၎င်းနောက်ပိုင်း ကယားပြည်နယ် အစိုးရအဖွဲ့၊ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာအကြီးအကဲများမှ ခေတ္တတိုက်ပွဲရှောင် ဒေသခံပြည်သူများကို နယ်မြေလုံခြုံရေးအပြည့်အဝ ဆောင်ရွက်ထားပြီးဖြစ်၍ နေရပ်ပြန်လာကြရန် နှီးစပ်ရာဆွေမျိုးများမှတစ်ဆင့် ဖိတ်ခေါ်ခဲ့သဖြင့် တိုက်ပွဲတိမ်းရှောင်ပြည်သူများ ဇန်နဝါရီ ၆ ရက်မှစတင်၍ လွိုင်ကော်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ရာ **ယနေ့အထိ ခေတ္တနေရပ်စွန့်ခွာသူ ၂၄၈၂၇ ဦးမှာ** မိမိတို့နေရပ်အသီးသီး၌ ပြန်လည်ရောက်ရှိပြီးဖြစ်သည်။

**နယ်မြေလုံခြုံရေး ဆောင်ရွက်**

ဆုတ်ခွာသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နမ့်မယ်ခုံဒေသအား အခြေပြု၍ လွိုင်ကော်မြို့ ပတ်ဝန်းကျင်တစ်ဝိုက်အား အဝေးမှ ပစ်ခတ်နှောင့်ယှက်ခြိမ်းခြောက်မှုများ ပြုလုပ်နေကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသော ဒေသခံတို့၏ သတင်းပေးမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေးအသွင်ဖြင့် မိုးဗြဲ၊ ဝါရီဆူပလိုင်း၊ ဝီသဲခူ (တောင်)၊ ဝီသဲခူ (မြောက်)၊ ဘုရားဖြူ၊ ဘုရားနီမှတစ်ဆင့် စစ်ကြောင်းများခွဲ၍ ဝင်ရောက်ကာ လက်နက်ကြီးပစ်ကူနှင့် လေကြောင်းပစ်ကူ အချို့ရယူ၍ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက် ခဲ့ရာ ယနေ့ညနေပိုင်းတွင် ၎င်းတို့အဓိကအခြေပြုနေရာဖြစ်သည့် နမ့်မယ်ခုံ၊ အိုကေကျေးရွာအပြင် အဓိကအခြေပြုသည့် ဆင်မတောင်၊ ဆင်ထီးတောင်နှင့် ဘုရားကုန်းတစ်ဝိုက်တို့ကိုပါ ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး ၎င်းတို့ ခိုအောင်းနေထိုင်နိုင်မည့် ပတ်ဝန်းကျင်တစ်ဝိုက်အား ဆက်လက်ရှာဖွေ ဖော်ထုတ်လျက်ရှိသည်။ ဖြစ်စဉ်များတွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ယနေ့အထိ ထိတွေ့မှုဖြစ်စဉ် (၂၅) ကြိမ်ဖြစ်ပွားခဲ့ကာ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ အလောင်းအချို့၊ လက်နက်ခဲယမ်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းမျိုးစုံတို့ကို သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သား အရာရှိ၊ စစ်သည်အချို့ ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

တစ်ဆက်တည်းတွင် ကယားပြည်နယ်အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း တိုက်ပွဲဖြစ်ပွားမှုကြောင့် ခေတ္တတိမ်းရှောင်သွားသည့် ဒေသခံပြည်သူများအား အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး နှီးစပ်ရာဆွေမျိုးများမှတစ်ဆင့် ဖိတ်ခေါ်ထားကြောင်း သိရသည့်အပြင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များ၏ ခြိမ်းခြောက်မှု၊ စည်းရုံးမှုတို့ကြောင့် တရားမဝင် လက်နက်ကိုင်ဆောင်ခဲ့ရသည့် ရွာသူ၊ ရွာသားများကိုလည်း လူသတ်မှု၊ မုဒိမ်းမှု စသော ရာဇဝတ်မှုများ ကျူးလွန်ခဲ့သူများမှအပ ၎င်းတို့နေရပ်များသို့ ပြန်လည်ဝင်ရောက်၍ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုပါကလည်း မိမိရပ်ရွာရှိ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့၍ ခွင့်လွှတ်မှုကို ရယူကြရန်နှင့် လုံခြုံရေးအတွက် အပြည့်အဝတာဝန်ယူကြောင်းကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဆွေမျိုး၊ မိသားစုဝင်များမှတစ်ဆင့် အသိပေးအကြောင်းကြားထားကြောင်း သိရှိရသည်။

**နယ်မြေတည်ငြိမ်အေးချမ်းရေးဆောင်ရွက်မည်**

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း၌ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာတွင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ဘာသာရေးနှင့် သက်ဆိုင်သည့် အဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေရပ်ကွက် အဆောက်အအုံများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ တိုက်ပွဲတွင် ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်းတို့ကိုလုပ်ဆောင်၍ ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းဖြစ်သောကြောင့် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုထိခိုက်နစ်နာမှုမရှိစေရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရုရှားတပ်ဖွဲ့များ ယူကရိန်းကို စစ်ဆင်ရေးဆင်နွှဲ ပဋိပက္ခကို ချက်ချင်းရပ်ဆိုင်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်းပြောကြား

ကီယက်ဗ် ဖေဖော်ဝါရီ ၂၄

**ရုရှားသမ္မတ ဗလာဒီမာပူတင်က အထူးစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲမည်ဟု ကြေညာလိုက်ပြီး နာရီအနည်းငယ်အတွင်း ရုရှားတပ်ဖွဲ့များက ယူကရိန်းကို စစ်ဆင်ရေးဆင်နွှဲခဲ့သည်။ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်ဟုဆိုကာ ယူကရိန်းသမ္မတက ရုရှားကို စွပ်စွဲခဲ့သည်။ အေအက်ဖ်ပီသတင်းအေဂျင်စီကလည်း ရုရှားတိုက်ခိုက်မှုပြီးနောက် ဓာတ်ပုံများကို ထုတ်ပြန်ခဲ့သည်။ တိုက်ခိုက်မှုကြောင့် ယူကရိန်းအရှေ့ဘက် ချူဂက်ဗ်မြို့ရှိ လူနေဒေသများ ပျက်စီးသွားခဲ့သည်။**

ရုရှားကာကွယ်ရေးအရာရှိများက ၎င်းတို့၏ တပ်ဖွဲ့များသည် ယူကရိန်းရှိ စစ်ဘက်ဆိုင်ရာအဆောက်အအုံများကို တိကျသည့် လက်နက်များဖြင့်သာ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

စစ်ရေးဆိုင်ရာဆောင်ရွက်မှုများသည် ပြည်သူများကို ခြောက်လှန့်ခြိမ်းခြောက်လိုခြင်းမဟုတ်ကြောင်း ရုရှားကာကွယ်ရေးအရာရှိများက ပြောသည်။ သို့သော်လည်း ယူကရိန်းအရာရှိများက ရုရှား၏တိုက်ခိုက်မှုများကြောင့် စစ်သား ၄၀ ကျော် သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းအရှေ့ပိုင်းကို ရုရှားတို့ လက်နက်ကြီးဖြင့် တိုက်ခိုက်ပြီးနောက် ယောကျ်ားလေးတစ်ဦး သေဆုံးခဲ့ကြောင်း ယူကရိန်းအရာရှိများက ပြောသည်။

ရုရှားသမ္မတ ပူတင်က ရုပ်မြင်သံကြားမိန့်ခွန်း ပြောကြားပြီးနောက် တိုက်ခိုက်မှုများ စတင်ခဲ့ခြင်းဖြစ်သည်။ ရုရှားသည် ယူကရိန်း၏ အချုပ်အခြာပိုင်နက်နယ်မြေများကို သိမ်းပိုက်ရန် စီစဉ်ထားခြင်း မရှိကြောင်း ပူတင်က ပြောကြားလိုက်သည်။

၎င်း၏မိန့်ခွန်းတွင် ယူကရိန်းအစိုးရ၏ဖိနှိပ်မှုကို ခံနေရသော ပြည်သူများကို ကာကွယ်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီက ရုရှားနှင့် သံတမန်ဆက်ဆံရေး ပြတ်တောက်သွားပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။ ရုရှားက ဘယ်လိုထင်ထင် ယူကရိန်းသည် မိမိကိုယ်ကိုယ်ကာကွယ်သွားမည်ဖြစ်ကြောင်းနှင့် လွတ်လပ်ခွင့်ကို အဆုံးရှုံးခံမည်မဟုတ်ကြောင်း ဇီလန်စကီက ပြောကြားလိုက်သည်။

ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီက နိုင်ငံသားအားလုံးကို မိမိတို့၏နိုင်ငံကို ကာကွယ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

ယူကရိန်းနယ်ခြားစောင့်တပ်ဖွဲ့များက ရုရှားတပ်ဖွဲ့ဝင်များသည် အိမ်နီးချင်း ဘယ်လာရုဇ်မှ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရုရှားစစ်ဘက်က တပ်ဖွဲ့ဝင်များကို စစ်ရေးလေ့ကျင့်မည်ဟုဆိုကာ အဆိုပါနေရာတွင် တပ်ဖြန့်ထားသည်။

စစ်ရေးတိုက်ခိုက်မှုများသည် နိုင်ငံတောင်ပိုင်းတွင်လည်း ဖြစ်ပွားနေကြောင်း ဖော်ပြထားသည်။ ယူကရိန်းအရာရှိများက ရုရှားစစ်ဘက်ဆိုင်ရာယာဉ်များသည် ခရိုင်းမီးယားမှ ရောက်ရှိလာသည်ဟုဆိုသည့် ဗီဒီယိုများကို ထုတ်ပြန်လိုက်သည်။



လက်နက်ကြီးကြောင့် ပျက်စီးသွားသော ယူကရိန်း နယ်ခြားစောင့်တပ်စခန်းကို တွေ့ရစဉ်။

ယူကရိန်းလွတ်တော်က ဖေဖော်ဝါရီ ၂၄ ရက်မှစကာ ပဋိပက္ခဖြစ်ပွားရာ လူဂန့်နှင့် ဒိုနက်ဒေသများမှလွဲ၍ ရက် ၃၀ ကြာ နိုင်ငံကို အရေးပေါ်အခြေအနေတစ်ရပ် ကြေညာရန် ဥပဒေကြမ်းတစ်ရပ်ကို ဖေဖော်ဝါရီ ၂၃ ရက်က ထောက်ခံအတည်ပြုခဲ့သည်။

အဆိုပါအခြေအနေများနှင့် ပတ်သက်ပြီး ယူကရိန်းအား စစ်မက်ပြုနေသည့်တပ်ဖွဲ့များကို ရပ်ဆိုင်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ရုရှားသမ္မတ ဗလာဒီမာပူတင်အား တိုက်တွန်းပြောကြားလိုက်သည်။

ယူကရိန်းအရှေ့ပိုင်း ဒွန်ဘက်စ်ကို အထူးစစ်ဆင်ရေးတစ်ရပ် ပြုလုပ်မည်ဟု ပူတင်က ကြေညာပြီးနောက် ဂူတာရက်စ်က ယခုလို တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယူကရိန်းပဋိပက္ခအကျပ်အတည်းနှင့် ပတ်သက်ပြီး ဆွေးနွေးနေချိန်တွင် ပူတင်၏ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

မိမိ၏ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်နေသည့်ကာလတွင် ယခုလို ဝမ်းနည်းဖွယ်အကောင်းဆုံး ဖြစ်ရပ်ကြီးဖြစ်လာခြင်းဖြစ်ကြောင်း လုံခြုံရေးကောင်စီ အစည်းအဝေးပြီးနောက် ဂူတာရက်စ်က သတင်းထောက်များကို ပြောကြားလိုက်သည်။

လူသားဆန်ခြင်းခေါင်းစဉ်အောက်တွင် သင်၏တပ်ဖွဲ့များကို ရုရှားသို့ ပြန်လည်ခေါ်ဆောင်သွားစေလိုကြောင်းနှင့် ယခုပဋိပက္ခကို ချက်ချင်းရပ်ဆိုင်းစေလိုကြောင်း ဂူတာရက်စ်က တိုက်တွန်းပြောကြားလိုက်သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

## ယူကရိန်းကို တိုက်ခိုက်သော ရုရှားကို ဗြိတိန်နှင့် ပြင်သစ် ရှုတ်ချ

**လန်ဒန် ဖေဖော်ဝါရီ ၂၄**

ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့သည် ယူကရိန်းကို တိုက်ခိုက်သော ရုရှားကို ရှုတ်ချခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဖေဖော်ဝါရီ ၂၄ ရက်က တွစ်တာတွင် သမ္မတပူတင်သည် သွေးထွက်သံယိုလမ်းကြောင်းကို ရွေးချယ်ခဲ့ကြောင်းနှင့် ယူကရိန်းကို တိုက်ခိုက်ခြင်းဖြင့် ပျက်စီးမှု လမ်းကြောင်းကို ရွေးချယ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ထို့နောက် ဗြိတိန်နှင့် ၎င်း၏ မဟာမိတ်များသည် အဆိုပါကိစ္စကို ပြတ်ပြတ်သားသား တုံ့ပြန်သွားမည် ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီကို ဖုန်းဖြင့် ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ အန်မန်နျူရယ် မက်ခရွန်သည် ဖေဖော်ဝါရီ ၂၄ ရက်က ကြေညာချက်တစ်ခု ထုတ်ပြန်ကြေညာခဲ့ရာ အဆိုပါကြေညာချက်တွင် စစ်ပွဲကို ဖြစ်စေခဲ့သည့် ရုရှား၏ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ပြစ်တင်ရှုတ်ချလိုက်ကြောင်း ပြောကြားလိုက်ပြီး တိုက်ခိုက်မှုများကို ချက်ချင်းရပ်ဆိုင်းရန် ရုရှားကို တောင်းဆိုလိုက်သည်။

ထို့အပြင် ပြင်သစ်သည် စစ်ပွဲအဆုံးသတ်ရန် ၎င်း၏ မဟာမိတ်များနှင့် ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပြင်သစ် သမ္မတရုံးကလည်း ယူကရိန်းကို ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားအစိုးရ ကာကွယ်ဆေးထိုးအစီအစဉ်ကို တိုးမြှင့်

**ဂျကာတာ ဖေဖော်ဝါရီ ၂၄**

အင်ဒိုနီးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၇၄၂၆ ဦးရှိကြောင်းနှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၄၀၈၃၂၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်ခုတွင် ကိုဗစ်-၁၉ ကြောင့် ၃၁၇ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၄၇၃၄၂ ဦးအထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာသူပေါင်းမှာ ၄၆၇၄၈၇၃ ဦး ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အင်ဒိုနီးရှားအစိုးရသည် ၎င်း၏ ကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူ ၁၉၀ ဒသမ ၃၁ သန်း ရှိလာပြီဖြစ်ပြီး ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူပေါင်းမှာ ၁၄၂ ဒသမ ၅၁ သန်းရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ဖေဖော်ဝါရီ ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၃၈ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၅၃ ဦးရှိ

(၂၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း အား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၈,၄၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၉၃၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁၀.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၂၈,၈၈၆)ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၇၈,၄၄၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၃၅၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၈,၇၁၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၅၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၄၆) ခု | (၁၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၀) ခု | (၂၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၈) ခု | (၅၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၁၅၉) ခု | (၂၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၄၁၂) ခု | (၄၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၆၆၄) ခု | (၂,၀၈၂) ဦး |
| စုစုပေါင်း | (၂၈,၄၈၆) ခု | (၂,၉၃၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကိုမမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာwww.moh.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၄ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၃၇၂၄၀၄ | ၅၂၄၅၃၅၆၂ | ၉၆၆၅၃၀ |
| ၂။ | အိန္ဒိယ | ၄၂၈၈၁၁၇၉ | ၄၂၂၁၉၈၉၆ | ၅၁၂၉၅၄ |
| ၃။ | ဘရာဇီး | ၂၈၄၈၅၅၀၂ | ၂၅၇၇၂၈၀၇ | ၆၄၆၄၉၀ |
| ၄။ | ပြင်သစ် | ၂၂၄၆၈၂၃၉ | ၂၀၀၀၉၈၅၂ | ၁၃၇၄၈၉ |
| ၅။ | ဗြိတိန် | ၁၈၇၃၄၆၈၃ | ၁၇၀၁၁၈၆၉ | ၁၆၀၉၇၉ |
| ၆။ | ရုရှား | ၁၅၉၂၈၅၆၈ | ၁၂၉၇၂၆၆၁ | ၃၄၈၅၇၈ |
| ၇။ | ဂျာမနီ | ၁၄၁၇၄၉၀၆ | ၁၀၄၃၅၈၀၀ | ၁၂၂၇၃၃ |
| ၈။ | တူရကီ | ၁၃၇၆၂၁၈၁ | ၁၂၉၄၉၄၂၅ | ၉၃၂၅၈ |
| ၉။ | အီတလီ | ၁၂၆၀၃၇၅၈ | ၁၁၂၂၈၅၇၁ | ၁၅၃၇၆၄ |
| ၁၀။ | စပိန် | ၁၀၉၁၄၁၀၅ | ၈၉၇၈၆၃၄ | ၉၈၉၃၆ |

## ၂၄-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၄၀၈၃၂၈ | ၄၆၇၄၈၇၃ | ၁၄၇၃၄၂ |
| ဖိလစ်ပိုင် | ၃၆၅၇၃၄၂ | ၃၅၄၆၀၉၈ | ၅၆၁၆၅ |
| မလေးရှား | ၃၃၀၅၁၅၇ | ၂၉၉၄၈၄၀ | ၃၂၄၈၈ |
| ဗီယက်နမ် | ၃၀၄၁၅၀၆ | ၂၃၃၉၇၈၄ | ၃၉၈၈၄ |
| ထိုင်း | ၂၇၉၄၃၅၀ | ၂၅၉၀၅၈၉ | ၂၂၇၇၁ |
| စင်ကာပူ | ၆၄၂၆၀၅ | ၅၇၂၇၄၈ | ၉၆၃ |
| မြန်မာ | ၅၇၈၄၄၆ | ၅၂၈၇၁၇ | ၁၉၃၅၃ |
| လာအို | ၁၄၁၉၃၃ | ၁၃၉၆၈၇ | ၆၁၇ |
| ကမ္ဘောဒီးယား | ၁၂၈၅၉၉ | ၁၂၁၈၇၇ | ၃၀၂၆ |
| ဘရူနိုင်း | ၄၈၀၅၅ | ၂၃၅၉၃ | ၁၁၃ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ဂျပန်နိုင်ငံ စနစ်တကျကိုင်တွယ်ဖြေရှင်းနေရသည့် ဖူကူရှီးမားဓာတ်ပေါင်းဖို အဏုမြူစွန့်ပစ်ပစ္စည်းအခက်အခဲ

တက္ကသိုလ်မောင်ရှုပ

*ယမန်နေ့မှအဆက်*

နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တက်ကြွလှုပ်ရှားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Greenpeace ကလည်း ဂျပန်အစိုးရရဲ့ ဆုံးဖြတ်ချက်ဟာ ကုန်ကျစရိတ် သက်သာစေရေးကိုသာကြည့်ရှုတဲ့ အစီအစဉ်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမယ့် အလားအလာတွေကို လျစ်လျူရှုထားကြောင်း ဝေဖန်ခဲ့ကာ ဂျပန်အစိုးရအနေနဲ့ ပြုပြင်ပြီးရေများ သိုလှောင်နိုင်မယ့် လှောင်ကန်များ ထပ်မံဆောက်လုပ်ရေးကို စဉ်းစားသင့်ကြောင်း ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ ဆုံးဖြတ်ချက်ကို ရုရှားနိုင်ငံ၊ တရုတ်(တိုင်ပေ)တို့ကလည်း ကန့်ကွက်ခဲ့ကြပါတယ်။ အမေရိကန်နိုင်ငံကတော့ ဂျပန်နိုင်ငံရဲ့ ပြန်လည်ပြုပြင်သန့်စင်ပြီးတဲ့ ရေတွေကို ပင်လယ်ပြင်ထဲကို ပြန်လည်စွန့်ပစ်ဖို့ လုပ်ငန်းစဉ်ဟာ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ခဲ့တာဖြစ်လို့ ကန့်ကွက်ရန်မရှိကြောင်း ပြောကြားခဲ့သလို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ကလည်း ယခုလုပ်ငန်းစဉ်ဟာ နိုင်ငံတကာ လုပ်ငန်းစဉ်များနဲ့အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ သို့သော်လည်း စွန့်ပစ်မယ့် ရေပမာဏများပြားနေခြင်းဟာ ဒီလုပ်ငန်းစဉ်ရဲ့ ထူးခြားချက်ဖြစ်နေပြီး ရှုပ်ထွေးမှုကိုဖြစ်စေကြောင်း ပြောကြားခဲ့ပါတယ်။

ဂျပန်အစိုးရရဲ့ အစီအစဉ်ကို ပြည်တွင်းမှာလည်း ကန့်ကွက်မှုတွေ ကြုံတွေ့နေရပါတယ်။ ဂျပန်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Kishi Hiroshi က ဒီကိစ္စနဲ့ပတ်သက်ပြီး ယခင်ဝန်ကြီးချုပ် Mr.Suga နဲ့ တွေ့ဆုံစဉ်က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပြီး သတိထားဆုံးဖြတ်ရန် တောင်းဆိုခဲ့ပေမယ့် အစိုးရက အစီအစဉ်ကို ဆက်လက်ပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့မှုအပေါ် စိတ်ပျက်မိကြောင်းနဲ့ အစိုးရရဲ့ အစီအစဉ်ကို တစိုက်မတ်မတ် ဆက်လက်ကန့်ကွက်သွားမှာဖြစ်ကြောင်း ကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဖူကူရှီးမား အဏုမြူဓာတ်အားပေးစက်ရုံ ထိခိုက်ပျက်စီးခဲ့ပြီး ရေဒီယိုသတ္တိကြွပစ္စည်းတွေ ပင်လယ်ထဲ စီးဝင်မှုဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း နိုင်ငံပေါင်း ၅၅ နိုင်ငံဟာ ဂျပန်နိုင်ငံက စားသောက်ကုန်နဲ့ ရေထွက်ပစ္စည်းတင်သွင်းမှုကို ပိတ်ပင်ခဲ့တဲ့အတွက် ငါးလုပ်ငန်းကဏ္ဍဟာ အထိနာခဲ့ပါတယ်။ အခုအချိန်မှာတော့ ကန့်သတ်ပိတ်ပင်ထားတာကို နိုင်ငံ ၃၉ နိုင်ငံက ပြန်လည်ရုပ်သိမ်းပေးခဲ့ပြီဖြစ်ပေမယ့် တရုတ်၊ ဟောင်ကောင်နဲ့ တရုတ်(တိုင်ပေ) အပါအဝင် နိုင်ငံနဲ့ဒေသ ၁၅ ခုက တင်သွင်းခွင့် ဆက်လက် ပိတ်ပင်ထားဆဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံကတော့ ၂၀၁၁ ခုနှစ် ဖူကူရှီးမားဖြစ်စဉ် စဖြစ်ကတည်းက အဲဒီဒေသက အစားအသောက်တွေ တင်သွင်းခွင့်ပိတ်ပင်ထားတာကို တဖြည်းဖြည်း ပြန်လည်ဖြေလျှော့ပေးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်စက်တင်ဘာလအတွင်းမှာတော့ ပိတ်ပင်ထားရှိမှု ကျန်ရှိနေတဲ့ အစားအသောက်တွေဖြစ်တဲ့ ဆန်၊ မှို၊ အသီးအရွက်တွေအပါအဝင် အမျိုးအစားပေါင်း ၁၀၀ ကို ပြန်လည်တင်သွင်းခွင့်ပေးခဲ့ပါတယ်။ အလားတူ အီးယူအဖွဲ့ကြီးကလည်း ဖူကူရှီးမား ၊ ဂွန်းမား၊ မီယာဂီပြည်နယ်တွေက ထွက်ရှိတဲ့ မှိုနဲ့အသီးအရွက်တွေ တင်သွင်းမှုမှာ အဏုမြူဓာတ်သတ္တိကြွပစ္စည်းများ ပါဝင်မှု မရှိကြောင်း စစ်ဆေးပြီး သက်သေခံလက်မှတ် (Inspection certificate for nuclear material) တင်ပြမှုမလိုအပ်တော့တဲ့ ဖြေလျှော့မှုတွေကို စက်တင်ဘာလအတွင်းမှာပဲ ပြန်လည်ပြုလုပ်ပေးခဲ့ပါတယ်။ အီးယူရဲ့ဖြေလျှော့မှုအတိုင်း အိုက်စလန်နဲ့ နော်ဝေကလည်း လိုက်ပါဆောင်ရွက်ဖို့ ရှိနေပါတယ်။ အခုလိုအခြေအနေကောင်းတွေ ပြန်လည်ရရှိနေချိန်မှာ ဂျပန်အစိုးရက ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖိုက ပြန်လည်ပြုပြင်သန့်စင်ပြီးတဲ့ ရေတွေ ပင်လယ်ပြင်ထဲကို စွန့်ပစ်ဖို့ ဆုံးဖြတ်မှုကြောင့် ပိတ်ပင်မှုအသစ်တွေ ပြန်လည်ဖြစ်ပေါ်လာမှာကို ဂျပန်ရေထွက်ပစ္စည်းလုပ်ငန်းရှင်တွေနဲ့ တောင်သူတွေအနေနဲ့ အထူးစိုးရိမ်ပူပန်လျက်ရှိနေတာ ဖြစ်ပါတယ်။



ဂျပန်အစိုးရတာဝန်ရှိသူများနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီမှ လုပ်ငန်းအဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့က တိုကျိုမြို့တွင် တွေ့ဆုံဆွေးနွေးစဉ်။




ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုမှ အဏုမြူဓာတ်သတ္တိကြွပစ္စည်းများ၊ ပြန်လည်သန့်စင်ပြီးရေများ ပစိဖိတ်သမုဒ္ဒရာအတွင်း လိုဏ်ခေါင်းတူး၍ ပြန်လည်စွန့်ပစ်မည့်အစီအစဉ် မူကြမ်းပုံစံ။

## အဏုမြူမတော်တဆမှု ဖြစ်စဉ်များ

သဘာဝဘေးအန္တရာယ်ကြောင့် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို ထိခိုက်ပျက်စီးခဲ့ရတာဟာ ဂျပန်နိုင်ငံအတွက် ကံမကောင်းအကြောင်းမလှတဲ့ ဖြစ်စဉ်လို့ပြောနိုင်ပါတယ်။ အထူးသဖြင့် ရေဒီယိုသတ္တိကြွ အဏုမြူလောင်စာတွေရဲ့ သက်တမ်းဟာ ကြာရှည်တာရယ်၊ လူသားတွေရဲ့ ကျန်းမာရေးအတွက် အထူးအန္တရာယ်ရှိတာကြောင့် ပြင်ပနဲ့ ထိတွေ့လို့မရတဲ့အတွက် နည်းပညာအထောက်အကူနဲ့ ဂရုစိုက်ကိုင်တွယ်ဆောင်ရွက်ရတဲ့ ဓာတ်ပစ္စည်းတွေ ဖြစ်ပါတယ်။ ဖြစ်စဉ် စတင်ဖြစ်ပွားခဲ့တဲ့ ၂၀၁၁ ခုနှစ်ကနေ အခုအချိန်အထိ ဂျပန်နိုင်ငံဟာ ဒီကိစ္စအပေါ် အထူးအလေးထား ကိုင်တွယ်ဆောင်ရွက်ခဲ့တာကိုလည်း တွေ့မြင်နိုင်ပါတယ်။ သို့သော်လည်း ဒီမတော်တဆမှု ဖြစ်စဉ်ကြီးဖြစ်ပွားပြီး ၁၁ နှစ်ကျော်ကြာလာတဲ့အထိ ဂျပန်အစိုးရဟာ စိန်ခေါ်မှုတွေကို ရင်ဆိုင် ဖြေရှင်းနေရဆဲဖြစ်သလို ဒီစိန်ခေါ်မှုတွေဟာ လာမယ့် ဆယ်စုနှစ်များစွာတိုင်အောင် ဆက်လက် ရင်ဆိုင်နေရဦးမှာဖြစ်ပါတယ်။ လူ့လောကကြီး အရှိန်အဟုန်မပျက် လည်ပတ်နေစေဖို့ မရှိမဖြစ် လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်လုံလောက်မှုရှိရေးမှာ အဏုမြူစွမ်းအင်ဟာ အရေးကြီးတဲ့ကဏ္ဍကနေ ပါဝင်နေပါတယ်။ ဘယ်လောက်ပဲ နည်းပညာအဆင့်မြင့်မားစွာနဲ့ ကိုင်တွယ်ဆောင်ရွက်ကြစေကာမူ သဘာဝဘေးအန္တရာယ်တွေကြောင့်ဖြစ်စေ၊ လူ့အမှားကြောင့်ဖြစ်စေ အဏုမြူဓာတ်ပေါင်းဖိုတွေဟာ မတော်တဆမှုတွေကို ကြုံတွေ့ရလေ့ရှိပြီး အဏုမြူယိုစိမ့်မှုတွေလည်း သမိုင်းကြောင်းမှာ ရှိခဲ့ပါတယ်။

ပထမတစ်ခုက ၁၉၇၉ ခုနှစ် မတ်လ ၂၈ ရက်နေ့က အမေရိကန်နိုင်ငံ၊ ပင်ဆယ်ဗေးနီးယားပြည်နယ်မှာရှိတဲ့ Three Miles Island အဏုမြူဓာတ်ပေါင်းဖိုမှာ မတော်တဆဖြစ်ပြီး အဏုမြူလောင်စာတွေ တစ်စိတ်တစ်ပိုင်း ပျော်ကျမှု (partial meltdown) ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာက အဏုမြူဓာတ်ပေါင်းဖို ထိန်းချုပ်ခန်းကို လူနဲ့ ကွန်ပျူတာတွဲပြီး ထိန်းချုပ်တဲ့စနစ်မှာ လူရဲ့မှားယွင်းတဲ့ ဆုံးဖြတ်ချက်ကြောင့် အဏုမြူလောင်စာအအေးပေးတဲ့ပိုင်းမှာ ပျက်စီးပြီး အအေးခံပစ္စည်း (coolants) နဲ့အတူ အဏုမြူဓာတ်ပစ္စည်းတွေ စိမ့်ထွက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် အရေးပေါ်အခြေအနေနဲ့ ဓာတ်ပေါင်းဖိုနဲ့ ငါးမိုင်ပတ်လည်မှာရှိတဲ့ နေအိမ်တွေက ပြည်သူတွေ မိမိအိမ်တွင်းမှာသာနေထိုင်ဖို့နဲ့ ကျောင်းတွေပိတ်ခဲ့ပါတယ်။ ဖြစ်စဉ်နဲ့နီးကပ်တဲ့ဒေသက လူပေါင်း၁၄၀၀၀၀ ကျော်ကို နေရာရွှေ့ပြောင်းကယ်ဆယ်ခဲ့ရပေမယ့် ရက်သတ္တသုံးပတ်အတွင်း မူလနေရာမှာ ပြန်လည် နေရာချထားနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

ဒုတိယတစ်ခုက ၁၉၈၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့က ယခင်ဆိုဗီယက်ပြည်ထောင်စု (ယခု ယူကရိန်းနိုင်ငံ) ချာနိုဘိုင်းလ်ဒေသရှိ အဏုမြူ ဓာတ်ပေါင်းဖိုမှာ မတော်တဆဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ကို ကုန်ကျစရိတ်ပမာဏအရရော၊ လူ့အသက်ဆုံးရှုံးမှုအရေအတွက်အရရော၊ သမိုင်းမှာ ဆိုးရွားလှတဲ့ အဏုမြူဓာတ်ပေါင်းဖို မတော်တဆမှုတစ်ခုအဖြစ် သတ်မှတ်ထားကြပါတယ်။ ချာနိုဘိုင်းလ်မှာ အဏုမြူဓာတ်ပေါင်းဖို လေးခုအနက် စတုတ္ထမြောက် အဏုမြူဓာတ်ပေါင်းဖိုမှာ လုံခြုံစိတ်ချမှု စစ်ဆေးချက်ပြုလုပ်ဖို့ အဏုမြူ ဓာတ်ပေါင်းဖိုရဲ့ စွမ်းအားကိုလျှော့ချစဉ် လျှပ်စစ်ဓာတ်အား အနိမ့်ဆုံးအဆင့်အထိ ကျဆင်းသွားပြီး ပြန်တက်မလာတဲ့အတွက် ဓာတ်ပေါင်းဖိုကို မတည်မငြိမ်ဖြစ်စေခဲ့ပါတယ်။ စက်ကိုထိန်းကျောင်းသူတွေအနေနဲ့ ဓာတ်ပေါင်းဖိုကို ပိတ်ခဲ့ပေမယ့် မတည် မငြိမ်ဖြစ်နေတဲ့အခြေအနေနဲ့ ဓာတ်ပေါင်းဖိုရဲ့ ပုံစံအနေအထားကြောင့် အဏုမြူလောင်စာမှာ ကွင်းဆက်တုံ့ပြန်မှု (chain reaction) ဖြစ်ပေါ်လာပြီး ပေါက်ကွဲမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီမတော်တဆမှုက ထွက်ပေါ်လာတဲ့ ရေဒီယိုသတ္တိကြွ ဓာတ်ပစ္စည်းတွေဟာ ယခင် ဆိုဗီယက်ပြည်ထောင်စု နေရာအချို့အပြင် အနောက်ဥရောပဒေသအထိ ပျံ့လွင့်ခဲ့ပါတယ်။

ဒီဖြစ်စဉ်မှာ ပိုပြီးဆိုးရွားစေတဲ့အချက်က အရှေ့အုပ်စုနဲ့ အနောက်အုပ်စုအကြား ပြိုင်ဆိုင်မှု ပြင်းထန်နေတဲ့ စစ်အေးကာလဖြစ်တဲ့အတွက် ဆိုဗီယက်ပြည်ထောင်စုဟာ ဖြစ်စဉ်ကို ပထမပိုင်းမှာ သတင်းထုတ်ပြန်ခြင်း မပြုလုပ်ခဲ့ဘဲ မိမိအစီအစဉ်နဲ့ပဲ ကြိတ်ပြီးဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ ရေဒီယိုသတ္တိကြွမှုတွေ များပြားနေကြောင်း အနောက်ဥရောပနိုင်ငံအချို့က စတင်တွေ့ရှိပြီးနောက်မှသာ ချာနိုဘိုင်းလ်မှာ ဒီဖြစ်စဉ်ဖြစ်ပွားကြောင်း ကမ္ဘာက သိရှိခဲ့ကြတာ ဖြစ်ပါတယ်။ ချာနိုဘိုင်းလ်ဖြစ်စဉ်မှာ ရေဒီယိုသတ္တိကြွ ဓာတ်ပစ္စည်းပမာဏအများအပြားဟာ ၁၀ ရက်ခန့် လေထုထဲကို ပျံ့လွင့်ရောက်ရှိခဲ့ပါတယ်။ ဖြစ်စဉ်ဖြစ်ပွားပြီး ချာနိုဘိုင်းလ်ဓာတ်ပေါင်းဖိုနဲ့ ခြောက်မိုင်ပတ်လည်မှာရှိတဲ့ နေအိမ်တွေက လူပေါင်း ၄၉၀၀၀ ကျော်ကို နေရာရွှေ့ပြောင်းပေးခဲ့ရပါတယ်။ ဓာတ်ပေါင်းဖိုပေါက်ကွဲမှုကြောင့် သေဆုံးသူဝန်ထမ်းတွေရှိသလို အဏုမြူဓာတ်ရောင်ခြည်သင့်မှုကြောင့် နောက်ပိုင်းရောဂါဝေဒနာတွေ ခံစားရပြီး အသက်ဆုံးရှုံးသူတွေလည်း ရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်ကထွက်ပေါ်လာတဲ့ ကောင်းကျိုးတစ်ခုကတော့ ဆိုဗီယက်ပြည်ထောင်စုဟာ နောက်ပိုင်းမှာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အဏုမြူဓာတ်ပေါင်းဖိုတွေ လုံခြုံစိတ်ချမှုရှိရေးအတွက် အားစိုက်ကြိုးပမ်းလာခဲ့ခြင်းပဲ ဖြစ်ပါတယ်။

**❑ ဘယ်လောက်ပဲ နည်းပညာအဆင့်မြင့်မားစွာနဲ့ ကိုင်တွယ်ဆောင်ရွက်ကြစေကာမူ သဘာဝဘေးအန္တရာယ်တွေကြောင့်ဖြစ်စေ၊ လူ့အမှားကြောင့်ဖြစ်စေ အဏုမြူဓာတ်ပေါင်းဖိုတွေဟာ မတော်တဆမှုတွေကို ကြုံတွေ့ရလေ့ရှိပြီး အဏုမြူယိုစိမ့်မှုတွေလည်း သမိုင်းကြောင်းမှာ ရှိခဲ့**

**❑ ချာနိုဘိုင်းလ်ဖြစ်စဉ်မှာ ရေဒီယိုသတ္တိကြွ ဓာတ်ပစ္စည်းပမာဏ အများအပြားဟာ ၁၀ ရက်ခန့် လေထုထဲကို ပျံ့လွင့်ရောက်ရှိခဲ့ပါတယ်။ ဖြစ်စဉ်ဖြစ်ပွားပြီး ချာနိုဘိုင်းလ် ဓာတ်ပေါင်းဖိုနဲ့ ခြောက်မိုင်ပတ်လည်မှာရှိတဲ့ နေအိမ်တွေက လူပေါင်း ၄၉၀၀၀ ကျော်ကို နေရာရွှေ့ပြောင်းပေးခဲ့ရ**


၁၉၈၆ ခုနှစ် ချာနိုဘိုင်းလ် အဏုမြူဓာတ်ပေါင်းဖို ပေါက်ကွဲပြီးနောက် အပျက်အစီးကို တွေ့ရစဉ်။

**သန့်စင်ပြီးရေများ ပြန်လည်စွန့်ပစ်မည့် နည်းလမ်း**

ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖိုတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ (Tokyo Electric Power Company–TEPCO) ဟာ ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖိုရှိတဲ့ ကမ်းခြေကနေ ၁ ကီလိုမီတာအရှည်ရှိတဲ့ ပိုက်လိုင်းကို ပင်လယ်ရေအောက်ကြမ်းပြင်မှာ တည်ဆောက်ပြီး ပြုပြင်ပြီးရေတွေကို စွန့်ပစ်ဖို့ ပထမပိုင်းမှာ စီစဉ်ခဲ့ပါတယ်။ သို့သော်လည်း ဒီအစီအစဉ်ကို ပယ်ဖျက်ပြီး နောက်ပိုင်းမှာ TEPCO ဟာ ပင်လယ်ကြမ်းပြင်အောက် ၁၂ မီတာမှာ အချင်း ၂ ဒသမ ၅ မီတာရှိတဲ့ လိုဏ်ခေါင်းတူးပြီး ပြုပြင်ပြီးရေတွေကို စွန့်ပစ်ဖို့ ပြောင်းလဲစီစဉ်ခဲ့ပါတယ်။ ဒီလို လိုဏ်ခေါင်းပြောင်းလဲတူးဖို့ စီစဉ်ခဲ့ရတာဟာ ပင်လယ်ဒီရေအတက်အကျဒဏ်ကို လျှော့ချသွားနိုင်ဖို့ ဖြစ်ပါတယ်။ TEPCO အနေနဲ့ ဒီလိုဏ်ခေါင်းကို ၂၀၂၂ ခုနှစ် မတ်လမှာ စတင်ဖောက်လုပ်သွားမှာဖြစ်ပြီး ၂၀၂၃ ခုနှစ်မှာအပြီးသတ်နိုင်ဖို့ မျှော်လင့်ထားပါတယ်။ ဒီလိုစွန့်ပစ်ရာမှာ ဒေသခံ ငါးဖမ်းသူတွေ ပုံမှန်ငါးဖမ်းနေကြတဲ့ဧရိယာရဲ့ပြင်ပမှာ စွန့်ပစ်မှာဖြစ်ပါတယ်။ စွန့်ပစ်မှုနဲ့ ပတ်သက်ပြီး မလိုလားအပ်တဲ့ မမှန်သတင်းတွေထွက်လာမှာကို တားဆီးနိုင်ဖို့ သတင်းအချက်အလက်အသေးစိတ်တွေကိုလည်း ထုတ်ပြန်ပေးသွားမှာဖြစ်ကြောင်း TEPCO ကုမ္ပဏီက ပြောကြားထားပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပခုက္ကူမြို့နယ်လုံးကျွတ် ပန်းခင်းစီမံချက်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



**ပခုက္ကူ ဖေဖော်ဝါရီ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပခုက္ကူမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှစတင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပခုက္ကူခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးထိန်လင်းသိန်းနှင့် မြို့နယ်ဦးစီးမှူးဦးအောင်မျိုးထွန်းတို့ဦးဆောင်၍ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြန်မာနိုင်ငံသား ဖြစ်ကြသည့် တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးတို့အတွက် ပန်းခင်းစီမံချက်ကာလ ၂၀၂၁ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်အထိ ၁၈လတာအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ပမာဏမှာ ၁၆၈၅၈ ဦးဖြစ်ပြီး လုပ်ငန်းစတင်သည့်ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် အထိ ကိုးလတာကာလအတွင်း ၁၈၉၀၇ ဦးအထိ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ လုပ်ငန်းလျာထားချက်နှင့်နှိုင်းယှဉ်လျှင် လူဦးရေ ၂၀၄၉ ဦးအထိ ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သောကြောင့် ၁၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့ပြင် ပန်းခင်းစီမံချက် အပါအဝင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ စတင်ကာ ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအချိန်အထိ အသက် ၁၆ နှစ်နှင့် ၁၈နှစ်အကြား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၃၂ ကတ်၊ အသက် ၁၈နှစ်အထက်နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၇၂၇၅ ကတ်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား (လဲလှယ်) ၁၆၃၁ ကတ်၊ ပျောက်ဆုံး၊ ပျက်စီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) ၁၄၃၇ ကတ် စုစုပေါင်း နိုင်ငံသားစိစစ်ရေး ကတ်ပြား ၂၁၉၇၅ ကတ်တို့ကို စိစစ်ဆောင်ရွက်ပြီးစီးသည့်အပြင် အိမ်ထောင်စုလူဦးရေ စာရင်း ၃၈၈၈စု၊ လူဦးရေ ၈၁၁ ဦးတို့အတွက်လည်း အိမ်ထောင်စု လူဦးရေစာရင်းများ ရရှိကိုင်ဆောင်နိုင်အောင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ဆောင်ရွက် ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ လက်ဝယ်အရောက် ပေးအပ်ပြီးဖြစ်သည်။ ကျန်ရှိနေသေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကိုလည်း ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးထွန်းထံမှ သိရသည်။

**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ မာန်အောင်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဝဲပုံစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ မြို့ဦးကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ရွှေမြယာကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ မြို့အေးကျောင်းတိုက်သို့ လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိတ္ထီလာကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၄၃ ဦးနှင့် ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသမီး သုံးဦးတို့ကို အသီးသီးလက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ အောက်ဆီဂျင် Plant နှစ်ခုနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေ ငါးစီးဖြင့် နှာခေါင်းစည်း (Mask) ၂၈ ဒသမ ၆၃ တန်ကို တင်သွင်းခဲ့ကြောင်းသိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၂-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုံ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ အဖိုးတန်မြန်မာ့သဘာဝသယံဇာတ (အင်ကြင်းကျောက်)
၁၁:၅၀ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
၁၃:၃၀ MRTV National News
၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
၁၆:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၃၀ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာသိရိဂေဟာ
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရစ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၄) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ဆောင်းအစီချစ်သူသီ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဗိုဗိုင်နေအိမ်ကိုတည်ဆောက်ကြသူများ'

### mitv

07:02 Evergreen Classic: Aseinnaya (Takkatho Lae Lae)
07:10 Kyaw Min Thu (Winner) Lose2Win With Andy
07:23 A Historic Town: 9 Pagodas
07:36 Myanmar's Traditions and Culture "Myanmar Pottery"
08:01 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
08:11 Healthy Diet: Detox Water
08:20 Discovering Tribes: Lisu- Their Life and Customs (Part-II)
08:43 Myanmar Traditional Thached Roofs: IN-LEAF
09:01 News
09:25 Global Partnership for Brighter Future: Suriname Pavilion at Expo 2020 Dubai
09:36 Awesome Myanma Sculptures
09:49 Between the Beaches: Chaung Tha Vs Ngwe Saung

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့် လက်ဖက်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၉)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တီဘီရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
နှာခေါင်းပလွေမှုတ်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
သံတော်ရှင်ကျိုက်ထီးရိုးစေတီတော်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ကြည်ညိုဖူးမြော်ကိုးသောင်းပုထိုးတော်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
သူတို့ဒေသသူတို့ဘဝ(ဖန်းမော်မြေမှရှမ်းရိုးရာ)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
အိပ်မက်လမ်းသို့ခရီးရှည်(ဖံငယာ၊အဘွမ်ထန်၊ ဇာလင်း၊ဆရမ်ဖာမှခေါင်လန်ဖူးသို့)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ပူလာရှီးဒီးသို့အလည်တစ်ခေါက်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားဘာသာစကားပြောကြရအောင်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၅ အားကစားသတင်း
၀၇:၃၅ အသိပညာနှင့်အမှန်တရား
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၁၅ မြန်မာ့ရိုးရာဝါးလက်မှုကျေးရွာ
၁၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၃၅ မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော်
၁၃:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပင်ကောင်းဆိုးဝါး'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ မျော်လင့်ခြင်းကွင်းပြင်ဆီမှ တောင်သူစကားသံများ
၀၇:၄၀ နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်းအလှမွေးငါးများ
၀၈:၀၀ ကျေးလက်ကွန်ရက်
၀၈:၃၀ ရေချိုကန်များမတိမ်ကောဖို့ ပိုင်းဝန်းထိန်းသိမ်းစို့
၀၉:၅၀ သေချာစိုက်ပျိုးကော်ဖီသီးနံ့ဝင်ငွေတိုး

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ
နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




# ညောင်ရွှေမြို့၌ နှာခေါင်းစည်းမပါသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုးရှိ/ မရှိ ရှောင်တခင်စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၄**

အိုမီခရွန်အပါအဝင် ကိုဗစ်-၁၉ မျိုးဗီဇပြောင်း ရောဂါပိုးများ ကူးစက်ပြန့်ပွားမှုမရှိစေရန် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့၌ နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိဘဲ သွားလာနေကြသော ပြည်သူများအား (RDT) Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ ရှောင်တခင် စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၉ နာရီက မြို့မ မင်္ဂလာဈေးမီးပွိုင့်နှင့် မြို့အဝင်လမ်းဆုံတို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ရွှေမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိဘဲ အပြင်ထွက်သွားလာနေကြသော ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးပြီး စနစ်တကျ တပ်ဆင်စေခြင်းနှင့် (RDT) Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ (အခမဲ့) ရှောင်တခင် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

စိုင်းအယ်ဘဲ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၂-၂၀၂၂

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၀/၁၇၀၅ ကျပ် | ၁၆၉၀/၁၇၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၀/၁၇၁၅ ကျပ် | ၁၇၁၀/၁၇၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၄၀/၁၇၁၅ ကျပ် | ၁၇၁၀/၁၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၀/၁၇၈၀ ကျပ် | ၁၈၂၀/၁၈၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၅ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄. ၇၂၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၀ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၇၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၀၅ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၇ | ၅၇၄၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၇၇ | ၂၃၁၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၀၀၀၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၈၀ | ၁၅၂၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၅၇ | ၄၀၈၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁ | ၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ခေတ်အဆက်ဆက် မီးဘေးကာကွယ်ရေးဆောင်ရွက်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်များ

သစ္စာ( MNA )



ပြင်သစ်နိုင်ငံထုတ် ရှေးဟောင်းမီးသတ်စက်(Fire Pump)။



၁၈၄၁ ခုနှစ်ထုတ် ပထမဆုံးရေနွေးငွေ့စွမ်းအင်သုံးမီးသတ်စက်။

**※ အဆိုပါ မီးသတ်ယာဉ်များသည် ကိုလိုနီခေတ်နှင့် ဖဆပလခေတ်တစ်လျှောက် နိုင်ငံတစ်ဝန်းရှိ ပြည်သူတို့၏ မီးဘေးအန္တရာယ်များကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ နေ့ညမပြတ် ရှေ့တန်းတွင် အတူယှဉ်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေးဟောင်းမီးသတ်ယာဉ်များဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းမီးသတ်ယာဉ်နှင့် စက်များသည် တစ်ခေတ်တစ်ခါက ခေတ်နှင့်အညီ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ခဲ့ပြီး လက်ရှိကာလတွင်လည်း ပိုလန်နိုင်ငံထုတ် အဆင့်မြင့်နည်းပညာသုံး မီးသတ်ယာဉ်နှင့် စက်များဖြင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလျက်ရှိသည်**

ကမ္ဘာကြီး၏ လူနေမှုစနစ် ခေတ်မီပြောင်းလဲတိုးတက်လာမှုနှင့်အတူ မီးဘေးအန္တရာယ်မှာလည်း တစ်ပါတည်း ကပ်ပါလာလျက်ရှိသည်။ ကမ္ဘာဦးလူသားခေတ်က စတင်တွေ့ရှိခဲ့သောမီးသည် ယနေ့တိုင် ကောင်းကျိုးနှင့်ဆိုးကျိုးကို ပေးစွမ်းလျက်ရှိရာ တီထွင်ကြံဆမှုဖြင့် လူသားတို့ထိန်းချုပ်နိုင်ခဲ့ကြသည့်နည်းတူ မီး၏ဆိုးကျိုးတို့ကြောင့် ဆုံးရှုံးမှုမျိုးစုံကို ကမ္ဘာ့နိုင်ငံတို့မှာ ကြုံတွေ့နေရလျက်ရှိသည်။ ဆုံးရှုံးမှုကြီးမားသော မီးလောင်မှုကြီးများကို ကြုံတွေ့လာရသောအခါ လျင်မြန်လွယ်ကူစွာ မီးငြိမ်းသတ်နိုင်သော ပစ္စည်းကိရိယာများနှင့် နည်းပညာများကို တီထွင်အသုံးပြုလာကြသည်။ မီးဘေးအန္တရာယ်ကို လျင်မြန်သွက်လက်စွာ ထိန်းချုပ်နိုင်ရန် နည်းပညာနှင့် မီးငြိမ်းသတ်ရေးအထောက်အကူပြုကိရိယာများကဏ္ဍမှာ အရေးပါလာသောကြောင့် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသော မီးဘေးလုံခြုံရေးစီမံချက်များကို ချမှတ်ရေးဆွဲခဲ့ကြပြီး ဆုံးရှုံးမှုနှင့်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် မီးငြိမ်းသတ်ရေးတွင် အသုံးပြုမည့် ယာဉ်၊ စက်နှင့် အထောက်အကူပြုပစ္စည်းများကို တီထွင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း ရှေးမင်းများလက်ထက်၌ မီးလောင်မှုများစွာရှိခဲ့ပြီး အိမ်ခေါင်မိုးပေါ်တွင် ရေအိုးများ တင်ထားခြင်း၊ မီးလောင်မှုဖြစ်သောအခါ တင်ထားသောရေအိုးများကို လောက်လေးခွ၊ လေးမြားတို့ဖြင့် ပစ်ခတ်ငြိမ်းသတ်ခြင်းနှင့် ရှေးဦးမီးငြိမ်းသတ်ရေးကိရိယာများဖြစ်သာ မီးချိတ်၊ မီးကပ်၊ မီးရိုက်တုတ်၊ လှေကားတို့ဖြင့် မီးငြိမ်းသတ်ရေးအစီအမံတို့ကို မြန်မာဘုရင်များ လက်ထက်တွင် စီမံဆောင်ရွက်ခဲ့ကြသည်။ ကိုလိုနီလက်ထက်တွင်လည်း ရန်ကုန်မြို့၏ မီးဘေးအန္တရာယ်ကို ကာကွယ်ရန် တီထွင်ထုတ်လုပ်ခဲ့ကြသည့် မီးသတ်ရေသယ်ယာဉ်၊ မီးသတ်စက်တို့ဖြင့် ငြိမ်းသတ်ခဲ့ကြသည်။ ရန်ကုန်မြို့သည် သန့်ရှင်းသာယာလှပသည့်အတွက် အရှေ့အာရှတစ်လွှားတွင် ခေတ်မီလှပသည့် မြို့များထိပ်ခေါင်တင်ဟု ချီးမွမ်းခံခဲ့ရပြီး မီးဘေးအန္တရာယ်ကိုကာကွယ်ရန် အုပ်ချုပ်ရေးအဖွဲ့အစည်းများက မြူနီစီပယ်မီးသတ်ကို ထူထောင်၍ ရန်ကုန်မြို့၏ မီးဘေးအန္တရာယ်ကာကွယ်ရေးကို ဆောင်ရွက်ခဲ့ကြသည်။

ထိုအချိန်က ရန်ကုန်၊ မန္တလေးနှင့် မြို့ကြီးအချို့တို့တွင် ကူးစက်လာသော ဒုတိယကမ္ဘာစစ်လေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်မှုများကို ခြေနင်းပန့် (Stirrup hand-pump) ဖြင့် ပြုလုပ်ထားသော မီးငြိမ်းသတ်ရေး ကိရိယာဖြင့် ငြိမ်းသတ်ခဲ့ကြသည်။ ထိုပန့်ကိရိယာကို အေဒီ-၁၇ ရာစုတွင် ဂျာမနီနိုင်ငံတွင် စတင်အသုံးပြုခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလန်မြို့သူမြို့သားများ တစ်နိုင်တစ်ပိုင်ဖြင့် အိမ်တိုင်းထားရှိ အသုံးပြုခဲ့ကြသည်။ ထိုမီး ငြိမ်းသတ်သောပစ္စည်းသည် စက်ဘီးလေထိုးတံနှင့် အလားသဏ္ဍာန်တူသော ခြေနင်းပန့်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအသုံးပြုခဲ့သော မီးငြိမ်းသတ်ရေး ကိရိယာလည်းဖြစ်ခဲ့သည်။

အဆိုပါ မီးသတ်ကိရိယာသည် ဘီစီ-၃ ရာစုတွင် ဂရိလူမျိုး ဆက်ဆီဘီးယပ်စ် တီထွင်ခဲ့သော မီးသတ်ကိရိယာဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် အေဒီ-၁၈ ရာစုခန့်က ထုတ်လုပ်အသုံးပြုခဲ့သည့် Stirrup hand-pump အမျိုးအစား မစ်စတို(Mysto) မီးသတ်စက်ကို ယနေ့တိုင် ထိန်းသိမ်းထားသောကြောင့် မြန်မာနိုင်ငံ၏ မီးသတ်သမိုင်းတွင် ရှားပါးသော ရှေးဟောင်းသမိုင်းအမွေအနှစ်တစ်ခုအဖြစ် နိုင်ငံအတွက် ဂုဏ်တင့်လျက်ရှိသည်။ ထိုမီးသတ်ခြေနင်းပန့်သည် ယနေ့ခေတ် စက်ဘီးလေထိုးတံကဲ့သို့ လေထိုးရခြင်းဖြစ်ပြီး ပန့်နှင့်ရေပိုက်ခေါင်းကို သံထည်နှင့် ပြုလုပ်ထားကာ အရှည် ၁၀ ပေမှ ပေ ၃၀ ထိရှိသော ရော်ဘာပိုက်ကို အသုံးပြုထားခြင်းဖြစ်သည်။ ရေပုံးထဲတွင် ပန့်ကိုနှစ်၍ရေထိုးရာ၌ ပန့်မလှုပ်နိုင်ရန် နင်းထားရသောခြေနင်းပါရှိသည်။ တွန်းထုတ်၍ ထွက်လာသောရေကို ပိုက်ခေါင်းကိုင်သူက မီးရှိရာသို့ ပက်ဖျန်းငြိမ်းသတ်ရခြင်းဖြစ်သည်။ ရေကိုးဂါလန်ဝင်ဆံ့သော ရေပုံးပါရှိပြီး ပန့်တစ်စုံသည် အလေးချိန်အားဖြင့် ၃ ပေါင်မှ ၅ ပေါင်အတွင်းရှိ၍ ထိုခေတ်က တစ်ပိုင်တစ်နိုင် အသုံးပြုနိုင်ခဲ့သော မီးသတ်ကိရိယာဖြစ်ခဲ့သည်။

ဘီစီ-၃ ရာစုခန့်က မီးငြိမ်းသတ်ရေးတွင် အသုံးပြုသော မီးသတ်ရေပန့်စနစ်ကို ဂရိလူမျိုး ဆက်ဆီဘီးယပ်စ်(Ctesibius )က စတင်တီထွင်ခဲ့ပြီး ထိုအချိန်က ကြုံတွေ့ခဲ့ရသော မီးဘေးအန္တရာယ်များကို သင်ခန်းစာယူ၍ မီးငြိမ်းသတ်ရေးကိရိယာများကို ခေတ်အဆက်ဆက် ဆန်းသစ်တီထွင်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင်ဖြစ်ပွားခဲ့သော မီးလောင်မှုကြီးများမှာ သမိုင်းတွင် ကျန်ရစ်လျက်ရှိသည်။ ၁၆၆၆ ခုနှစ်မတိုင်မီက The Great Fire of Rome ဟုခေါ်သော ရောမမြို့ကြီးမီးလောင်မှုသည် သမိုင်းမှတ်တိုင်အဖြစ် ကျန်ရစ်ခဲ့သည်။ အေဒီ-၁၇ ရာစုတွင် အင်္ဂလန်နိုင်ငံ၌ The Great Fire London မီးလောင်မှုကြီးသည် ၁၆၆၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် စတင်ဖြစ်ပွားခဲ့ရာ ခြောက်ရက်တိုင်လောင်ကျွမ်းမှုကြောင့် လူနေအဆောက်အအုံ ၁၃၂၀၀ ကျော်နှင့် ဘုရားကျောင်း ၈၇ လုံး မီးလောင်ပျက်စီး၍ လူဦးရေ ၈၀၀၀၀ ခန့် မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုမီးလောင်မှုကြောင့် အင်္ဂလန်နိုင်ငံသည် စစ်မက်ရေးရာတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့များကိုဖွဲ့စည်းခဲ့ပြီး မီး သတ်စက်များကိုလည်း စတင်တီထွင်မှုပြုလုပ်ခဲ့သည်။ အင်္ဂလန်နိုင်ငံ မီးလောင်မှုကြီးနောက်တွင် အမေရိကန်နိုင်ငံ မီးလောင်မှုကြီးဖြစ်သည့် Fighting a fire in New York မီးလောင်မှုကြီးဖြစ်ပွားခဲ့ပြီး ကမ္ဘာ့နိုင်ငံတို့တွင်လည်း ဆုံးရှုံးမှုကြီးမားသော မီးလောင်မှုကြီးများ ဖြစ်ပွားခဲ့သည်ကို သမိုင်းမှတ်တမ်းများက ထောက်ပြလျက်ရှိသည်။

*စာမျက်နှာ ၂၁ သို့*



ရှေးဟောင်းမီးသတ်စက်(Fire Pump)။



Toyota Round Head မီးသတ်ယာဉ်။



Daihatsu ပြည်တော်သာ သုံးဘီးမီးသတ်ဆိုင်ကယ်။

*စာမျက်နှာ ၂၀ မှ*

### မြင်းဖြင့်ဆွဲသော ရေနွေးငွေ့သုံးမီးသတ်ယာဉ်

အေဒီ-၁၇ရာစုတွင် Richard Newsham ဆိုသူသည် မီးလောင်ပြင်ရှိရာသို့ လူအင်အားဖြင့် ဆွဲယူပြီး တစ်မိနစ်လျှင် ရေဂါလန် ၁၄၀ ခန့် ပက်ဖျန်းနိုင်သော မီးသတ်ပန့်ကို အင်္ဂလန်နိုင်ငံတွင် စတင်တီထွင်ခဲ့သည်။ မြန်မာနိုင်ငံသို့ ၁၈၈၁ ခုနှစ်တွင် Messers. Merryweather & Sons Co.,Ltd တို့မှ ထုတ်လုပ်သော Tozer hand-pump အသေးစား လက်နှိပ်ပန့်များအပြင် ရေနွေးငွေ့သုံး မီးသတ်ယာဉ်နှစ်စီး၊ Merryweather နှင့် Sons of London စသော မီးသတ်ယာဉ်များ ရောက်ရှိခဲ့သည်။ ယာဉ်ဟုဆိုသော်လည်း မီးလောင်ပြင်ရှိရာသို့ လူဖြင့်ဆွဲယူငြှိမ်းသတ်ရသောကြောင့် တစ်နာရီ သုံးမိုင်ခန့်နှုန်းဖြင့် သွားလာရသဖြင့် မီးလောင်မှုကိုထိန်းချုပ်နိုင်မှု အားနည်းခဲ့သည်။ မီးလောင်ပြင်သို့ မီးသတ်ယာဉ်များ အချိန်မီရောက်ရှိနိုင်ရေးသည် အဓိကအချက်ဖြစ်သောကြောင့် မြန်ဆန်စွာ ရောက်ရှိနိုင်ရန် မြင်းများဖြင့် ဆွဲခဲ့ကြသည်။

၁၈၄၁ ခုနှစ်တွင် ပထမဆုံး ရေနွေးငွေ့စွမ်းအင်သုံးစက်ကို မြင်းဖြင့်ဆွဲယူရသည့် မီးသတ်ယာဉ်အား Rapsey Hodge ဆိုသူက နယူးယောက်တွင် စတင်တီထွင်ခဲ့သည်။ ၁၈၉၇ ခုနှစ်ခန့်တွင် မြင်းဖြင့်ဆွဲရသော မီးသတ်ယာဉ်များအစား ကိုယ်တိုင်မောင်းနှင်နိုင်သောယာဉ်များကို တီထွင်အသုံးပြုလာခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် Messers.Merryweather & Sons Co.,Ltd မှ ထုတ်လုပ်သော ရေနွေးငွေ့သုံး မီးသတ်ယာဉ်နှစ်စီး၊ ၁၉၀၄ ခုနှစ်တွင် အမြင့်ပေ ၈၀ အထိ ဆန့်ထုတ်နိုင်သော မြင်းနှစ်ကောင်ဆွဲသည့် လှေကားတင်ယာဉ်နှစ်စီးနှင့် ၁၉၀၇ ခုနှစ်တွင် မြင်းလေးကောင်ဆွဲသော လှေကားတင်ယာဉ်နှစ်စီးတို့သည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

### ကမ္ဘာ့ပထမဆုံး ရေနွေးငွေ့သုံးမီးသတ်ယာဉ်

Fire King ဟု တင်စားခေါ်ဝေါ်သော မြင်းဖြင့်ဆွဲရန်မလိုဘဲ ချိန်းကြိုးတပ်ဆင်မောင်းနှင်အသုံးပြုရသည့် ကမ္ဘာ့ပထမဆုံး ရေနွေးငွေ့သုံးမီးသတ်ယာဉ် Merryweather (STEAM) (Self Propelied Fire Engine) အား ၂၀ ရာစုဦးတွင် အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၀၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိအသုံးပြုခဲ့သည်။ အဆိုပါ ရေနွေးငွေ့သုံး မီးသတ်ယာဉ်သည် ဖိအားပေါင် ၁၀၀ ဖြင့် တစ်မိနစ်လျှင် ပျမ်းမျှရေဂါလန် ၁၀၀ နှုန်း ရေပက်နိုင်ပြီး လောင်စာအဖြစ် ကျောက်မီးသွေးကိုအသုံးပြုခဲ့သည်။ ကမ္ဘာ့ပထမဆုံးသော မြင်းဆွဲရန်မလိုသည့် ရေနွေးငွေ့သုံး မီးသတ်ယာဉ်ဖြစ်သည်။ ကိုလိုနီခေတ်က ရန်ကုန်မြို့တော်ကြီး၏ မီးငြှိမ်းသတ်ရေးလုပ်ငန်းများတွင် ပထမဆုံး တာဝန်ထမ်းဆောင်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်အဖြစ် ရန်ကုန်မြို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ရှေးဟောင်းမီးသတ်ယာဉ်များပြတိုက်တွင် ပြသထားလျက်ရှိသည်။

### Merryweather(Petrol) မီးသတ်ယာဉ်

Merryweather(Petrol) မီးသတ်ယာဉ်သည် ၁၉၂၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၁၉၃၀ ပြည့်နှစ်တွင် ရောက်ရှိ၍ ကိုလိုနီခေတ်၌ ရန်ကုန်မြို့တော်ကြီး၏ မီးသတ်လုပ်ငန်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့သောယာဉ်ဖြစ်သည်။ ထိုယာဉ်သည် ဓာတ်ဆီအင်ဂျင်ကို အသုံးပြုထားပြီး Hatfield Reciprocating Pump ကို အသုံးပြုထားသော မီးသတ်လုပ်ငန်းများဆောင်ရွက်နေသည့် မီးသတ်ယာဉ်ဖြစ်၍ ယနေ့ခေတ်တွင် အသုံးပြုလျက်ရှိသည့် မီးသတ်ယာဉ်များသည် Centrifugal Pump ကို အသုံးပြုခြင်းဖြစ်သည်။ တစ်မိနစ်လျှင် ရေဂါလန် ၄၀၀ ခန့် ငြှိမ်းသတ်နိုင်သော မီးသတ်ယာဉ်ဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းတို့တွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူတကွ တာဝန်ထမ်းဆောင်ခဲ့သော မြန်မာနိုင်ငံ၏ ရှေးဟောင်းမီးသတ်ယာဉ်တစ်စီးလည်း ဖြစ်သည်။

### DENNIS မီးသတ်ရေသယ်ယာဉ်

ထိုမီးသတ်ယာဉ်သည် DENNIS ယာဉ်အမျိုးအစားဖြစ်ပြီး ကမ္ဘာကျော် Rolls Royce အင်ဂျင်ကို အသုံးပြုထားသော ဓာတ်ဆီအင်ဂျင်သုံးမီးသတ်ယာဉ်ဖြစ်သည်။ Centrifugal Pump ကို အသုံးပြုထားသော ရေတိုင်ကီပါရှိသည့် မီးသတ်ယာဉ်ဖြစ်ပြီး ၁၉၄၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်၍ မြန်မာနိုင်ငံသို့ ၁၉၅၈ ခုနှစ်တွင် ရောက်ရှိကာ ပါလီမန်ဒီမိုကရေစီခေတ်အတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုကြီးများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော ရေသယ်ယာဉ်ဖြစ်သည်။ ယနေ့တိုင် မီးငြှိမ်းသတ်ရေးလုပ်ငန်းများတွင် လုပ်ဆောင်လျက်ရှိပြီး ထိုမီးသတ်ယာဉ်သည် ဟင်္သာတမြို့ ဥယျာဉ်တောင် အရန်မီးသတ်စခန်းမှ လာရောက်အပ်နှံခဲ့သော မီးသတ်ယာဉ်ဖြစ်၍ ထိုမြို့တွင် နှစ်ပေါင်း ၇၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်ဖြစ်သည်။ DENNIS မီးသတ်ယာဉ်သည် ဟင်္သာတမြို့၏ မီးဘေးအန္တရာယ်များတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့်နည်းတူ ရန်ကုန်မြို့၏ မီးဘေးကာကွယ်ရေးတာဝန်များကိုလည်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော ရှေးဟောင်းမီးသတ် ရေသယ်ယာဉ်ကြီးတစ်စီးဖြစ်၍ ယခုအခါ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ရှေးဟောင်းမီးသတ်ယာဉ်များပြတိုက်တွင် ထိန်းသိမ်းပြသထားလျက်ရှိသည်။

### DENNIS မီးသတ်အထောက်အကူပြုယာဉ်

Dennis မီးသတ်အထောက်အကူပြုယာဉ်သည် ၁၉၄၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၁၉၆၄ ခုနှစ်တွင် ရောက်ရှိကာ ပါလီမန်ဒီမိုကရေစီခေတ်တွင် ဖြစ်ပွားခဲ့သော မီးလောင်မှုကြီးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမီးသတ်ယာဉ်သည် ကမ္ဘာကျော် ROLLS ROYCE ဓာတ်ဆီအင်ဂျင်ကို အသုံးပြုထားပြီး မီးသတ်လုပ်ငန်းဆောင်ရွက်ရန် Centrifugal Pump ကို အသုံးပြုထားသည့် ရှေးဟောင်းမီးသတ်ယာဉ်အား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ထိန်းသိမ်းထားရှိလျက်ရှိသည်။

### Daihatsu သုံးဘီးဆိုင်ကယ်မီးသတ်ယာဉ်

Daihatsu သုံးဘီးမီးသတ်ယာဉ် အမျိုးအစားသည် ဓာတ်ဆီအင်ဂျင်ကိုအသုံးပြုထားပြီး Centri-fugal Pump ကို အသုံးပြုထားသောကြောင့် မီးသတ်ယာဉ်ကြီးများ အလွယ်တကူ မဝင်ရောက်နိုင်သော နေရာများသို့ ဝင်ရောက်ငြှိမ်းသတ်နိုင်ပြီး မြန်မာနိုင်ငံ အနှံ့အပြားရှိ ကျေးလက်အများစုတွင် သုံးဘီးမီးသတ်ယာဉ်ကို အသုံးပြုခဲ့ကြသည်။ ၁၉၅၃-၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ထုတ်လုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ ထိုနှစ်ပိုင်းတွင် ရောက်ရှိခဲ့၍ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ရှေးဟောင်းမီးသတ်ယာဉ်အဖြစ် ယနေ့တိုင် ထိန်းသိမ်းထားလျက်ရှိသည်။

### Daihatsu ပြည်တော်သာ သုံးဘီးမီးသတ်ဆိုင်ကယ်

Daihatsu ပြည်တော်သာ သုံးဘီးဆိုင်ကယ်သည် ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ၁၉၅၄ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ်အတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုကြီးများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော သုံးဘီးမီးသတ်ဆိုင်ကယ်ဖြစ်သည်။ ထိုယာဉ်သည် ဓာတ်ဆီအင်ဂျင်ကိုအသုံးပြုထားပြီး လမ်းသွယ်၊ လမ်းကျဉ်းများအတွင်းဝင်ရောက်၍ မီးငြှိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်ဖြစ်သည်။ ထိုပြည်တော်သာ သုံးဘီးမီးသတ်ဆိုင်ကယ်၏ ထူးခြားချက်မှာ အသုံးပြုရန် အညွှန်းစာသားများကို မြန်မာဘာသာဖြင့် ရေးသားထားခြင်းဖြစ်သည်။

### Land Rover မီးသတ်အထောက်အကူပြုယာဉ်

Land Rover မီးသတ်အထောက်အကူပြုယာဉ်ကို ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ထုတ်လုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ ထိုနှစ်တွင် ရောက်ရှိခဲ့သော မီးသတ်ယာဉ်ဖြစ်သည်။ Land Rover မီးသတ်အထောက်အကူပြုယာဉ်သည် ဓာတ်ဆီအင်ဂျင်ကို အသုံးပြုထားသော မီးသတ်ယာဉ်ဖြစ်ပြီး ရေတိုင်ကီဖြင့် Centrifugal Pump ကို အသုံးပြုထားသောကြောင့် သုံးဘီးမီးသတ်ယာဉ်ကဲ့သို့ ကျဉ်းမြောင်းသောနေရာများသို့ အလွယ်တကူဝင်ရောက်ငြှိမ်းသတ်နိုင်သော ရှေးဟောင်းမီးသတ်အထောက်အကူပြုယာဉ်တစ်စီး ဖြစ်ခဲ့သည်။

### Fordson မီးသတ်ယာဉ်

ထိုမီးသတ်ယာဉ်အား ၁၉၆၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၁၉၆၀ ပြည့်နှစ်တွင် ရောက်ရှိခဲ့သော မီးသတ်ယာဉ်ဖြစ်သည်။ ပါလီမန်ဒီမိုကရေစီခေတ် မီးလောင်မှုကြီးများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သောယာဉ်ဖြစ်ပြီး ဓာတ်ဆီအင်ဂျင်ကို အသုံးပြုထားကာ Centrifugal Pump အသုံးပြုထားသော ရေတိုင်ကီပါရှိသည့် ရှေးဟောင်းမီးသတ်ယာဉ်ဖြစ်သည်။

### Toyota(Round Head) မီးသတ်ယာဉ်

Toyota (Round Head) မီးသတ်ယာဉ်ကို ၁၉၅၃ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ထုတ်လုပ်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ထိုမီးသတ်ယာဉ်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်အတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုကြီးများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော မီးသတ်ယာဉ်ဖြစ်သည်။ ထိုယာဉ်သည် ဓာတ်ဆီအင်ဂျင်နှင့် Centrifugal Pump ကို အသုံးပြုထားပြီး ရေတိုင်ကီပါရှိသည့် မီးငြှိမ်းသတ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်တစ်စီးဖြစ်သည်။

အဆိုပါ မီးသတ်ယာဉ်များသည် ကိုလိုနီခေတ်နှင့် ဖဆပလခေတ်တစ်လျှောက် နိုင်ငံတစ်ဝန်းရှိ ပြည်သူတို့၏ မီးဘေးအန္တရာယ်များကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ နေ့ညမပြတ် ရှေ့တန်းတွင် အတူယှဉ်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေးဟောင်းမီးသတ်ယာဉ်များဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းမီးသတ်ယာဉ်နှင့် စက်များသည် တစ်ခေတ်တစ်ခါက ခေတ်နှင့်အညီ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ခဲ့ပြီး လက်ရှိကာလတွင်လည်း ပိုလန်နိုင်ငံထုတ် အဆင့်မြင့်နည်းပညာသုံး မီးသတ်ယာဉ်နှင့် စက်များဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလျက်ရှိသည်။ မီးဘေးကာကွယ်ရေးလုပ်ငန်းများအပြင် သမိုင်းအမွေအနှစ်တစ်ခုအဖြစ် အကျိုးပြုလျက်ရှိသော ရှေးဟောင်းမီးသတ်ယာဉ်နှင့် စက်များအား ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် ကျန်ရစ်သည့် မီးသတ်ယာဉ်များအပေါ် မြတ်နိုးဂုဏ်ယူစိတ်ကို ပြသခြင်းပင်ဖြစ်သည်။

ထိုရှေးဟောင်းမီးသတ်ယာဉ်များနှင့် အတူ တာဝန်ထမ်းဆောင်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်အများစုမှာ မရှိကြတော့သော်လည်း ပြည်သူတို့၏ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် မီးသတ်ယာဉ်နှင့်စက်များ ယနေ့တိုင် ကျန်ရှိလျက်ရှိသည်မှာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ယာဉ်နှင့်စက်ပစ္စည်းများအပေါ် ထိန်းသိမ်းစောင့်ရှောက်မှု၏ဂုဏ်ကို ပြသလျက်ရှိသည်။ နိုင်ငံအတွက် တန်ဖိုးဖြတ်၍မရသော ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများကို သမိုင်းအမွေအနှစ်တစ်ခုအဖြစ် ယနေ့တိုင် ကာကွယ်ထိန်းသိမ်းထားခြင်းသည် ဒေသတွင်းနိုင်ငံများကြားတွင် ဂုဏ်တင့်လျက်ရှိသည်။ ခေတ်အဆက်ဆက် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်များအား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)တွင် ပြတိုက်အဖြစ် ထိန်းသိမ်းထားရှိပြသထားပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



Fordson မီးသတ်ယာဉ်။



Dennis မီးသတ်ယာဉ်။



Land Rover မီးသတ်အထောက်အကူပြုယာဉ်။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တည်းကုန်းလက်ကားဈေးကြီးမှတစ်ဆင့် ဟင်းသီးဟင်းရွက်များ အဓိကဖြန့်ဖြူးရောင်းချပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တည်းကုန်း လက်ကားဈေးကြီးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပို့သည့် စားသောက်ကုန်စည်များဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးသို့ တစ်ဆင့်ပြန်လည် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။**



အဆိုပါ လက်ကားဈေးကြီးသို့ ရှမ်းပြည်နယ် အောင်ပန်း၊ ဟဲဟိုး၊ ကလော၊ ပင်းတယတို့မှ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းထုပ်၊ မုန်လာဥနှင့် ငရုတ်ပွတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ မိတ္ထီလာနှင့် တောင်သာမြို့နယ်တို့မှ ကြက်သွန်၊ အာလူး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ မြင်းမူမြို့နှင့် ဆိတ်ဖြူမြို့တို့မှလည်း ကြက်သွန်၊ အာလူးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဆန်၊ ငါးပိနှင့် ငါးခြောက်မျိုးစုံကိုလည်းကောင်း တင်ပို့လျက်ရှိသည်။

“ဒီဈေးကြီးကို ဈေးဝယ်လာတဲ့သူတွေအနေနဲ့ လိုအပ်တဲ့ကုန်အားလုံး တစ်နေရာတည်းမှာ ရရှိဖို့ ရည်ရွယ်ထားပါတယ်။ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ အပါအဝင် စိုက်ပျိုးတောင်သူတွေကို တန်ဖိုးမြှင့်ပေးချင်တာပါ။ စားသုံးသူတွေအနေနဲ့လည်း သန့်ရှင်းလတ်ဆတ်တဲ့ဟင်းသီးဟင်းရွက်နဲ့ သီးနှံတွေကို ဈေးနှုန်းချိုချိုနဲ့ တစ်နေရာတည်းမှာရဖို့ ဝန်ဆောင်မှုပေးထားပါတယ်။ ရန်ကုန်မြို့က ပြည်သူတွေ စားသောက်ကုန်ဝယ်ယူရာမှာ အထောက်အပံ့ဖြစ်စေတဲ့ ဈေးဖြစ်တဲ့အတွက် အေးချမ်းလွတ်လပ်စွာ ဝယ်ယူနိုင်ပါတယ်။ ဈေးရောင်းချသူများအနေဖြင့်လည်း ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ မနက် ၄ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ရောင်းချပေးနေပါတယ်” ဟု တည်းကုန်းလက်ကားဈေး စီမံခန့်ခွဲရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီး တည်ဆောက်နိုင်ရန် နိုင်ငံတကာရှိ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ဈေးများရှိရာ နိုင်ငံခြားနိုင်ငံသို့ သွားရောက်လေ့လာပြီးနောက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်းကုန်းဘူတာကြီးနှင့် ကပ်လျက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဈေးကြီးတွင် တစ်ရက်လျှင် ကုန်တင်ယာဉ် ၃၀၀၀ ကျော်၊ ဈေးသူ၊ ဈေးသား ၁၂၀၀ ခန့်နှင့် ဈေးဝယ် ၅၀၀၀၀ မှ ၇၀၀၀၀ကြား ဝင်ရောက်လျက်ရှိပြီး တစ်ရက်လျှင်ကုန်စိမ်းတန်ချိန် ၇၀၀၀ နှင့် ကုန်ခြောက်မျိုးစုံတန်ချိန် ၃၀၀၀ခန့် ရောင်းချပေးလျက်ရှိကာ နိုင်ငံတကာအဆင့်မီ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကားဈေးကြီးတွင် ရောင်းသူဝယ်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ လက်ကားဈေးသစ်ကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပထမအဆင့်အနေဖြင့် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဈေးရုံ လေးရုံတွင် ဆိုင်ခန်းပေါင်း ၅၀၀၀ ဖြင့် ပိတ်ရက်မရှိ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ- ကနူး**

# အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ စင်ကာပူတို့နှင့် ကျရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

အာရှဘောလုံး အဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ရာ မြန်မာအသင်းသည် အုပ်စု (စ) ၌ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ စင်ကာပူအသင်းတို့နှင့် ကျရောက်နေသည်။

ခြေစစ်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ဇွန် ၈၊ ၁၁၊ ၁၄ ရက်တွင် တစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ပြုလုပ်မည်ဖြစ်သည်။

အိမ်ရှင်နိုင်ငံ ရွေးချယ်မှုအရ အုပ်စု (က) ပွဲစဉ်များကို ကူဝိတ်၊ အုပ်စု (ခ) ပွဲစဉ်များကို မွန်ဂိုလီးယား၊ အုပ်စု (ဂ) ပွဲစဉ်များကို ဥဇဘက်ကစ္စတန်၊ အုပ်စု (ဃ) ပွဲစဉ်များကို အိန္ဒိယ၊ အုပ်စု (င) ပွဲစဉ်များကို မလေးရှား၊ အုပ်စု (စ)ပွဲစဉ်များကို ကာဂျစ္စတန်နိုင်ငံတို့၌ ပြုလုပ်သွားမည်ဖြစ်သည်။

အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး လေးသင်း ခြောက်အုပ်စုခွဲကာ ပြုလုပ်သွားမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုခြောက်ခုမှ ထိပ်ဆုံးခြောက်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်း၊ စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အုပ်စုခွဲဝေမှုအရ အုပ်စု (က) တွင် ဂျော်ဒန်၊ ကူဝိတ်၊ အင်ဒိုနီးရှား၊ နီပေါ၊ အုပ်စု (ခ) တွင် ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ ယီမင်၊ မွန်ဂိုလီးယား၊ အုပ်စု (ဂ) တွင် ဥဇဘက်ကစ္စတန်၊ ထိုင်း၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ အုပ်စု (ဃ) တွင် အိန္ဒိယ၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ အုပ်စု (င)တွင် ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (စ) တွင် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မြန်မာနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်တို့နှင့် တတိယအဆင့် ခြေစစ်ပွဲတွင်လည်း တစ်အုပ်စုတည်း ထပ်မံကျရောက်လျက်ရှိသည်။ မြန်မာအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲတွင် ကာဂျစ္စတန်ကို နှစ်ကျော့စလုံး ဂိုးပြတ် အရေးနိမ့်ခဲ့ပြီး တာဂျစ်ကစ္စတန်ကို တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

အာဆီယံဒေသတွင်း ပြိုင်ဘက် စင်ကာပူအသင်းနှင့်မူ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက ကျင်းပသည့် အာဆီယံ ဆူဇူကီးဖလား ပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး မြန်မာအသင်း ရှုံးနိမ့်ထားသည်။

မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် ခြေစစ်ပွဲအောင်မြင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။

၂၀၂၂ ကမ္ဘာ့ဖလား ခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းကျင်းပသည့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် အာရှဖလား ပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရထားသည့် ၁၃ သင်း ထွက်ပေါ်ပြီးဖြစ်သောကြောင့် ယခု တတိယအဆင့် ခြေစစ်ပွဲမှ ၁၁ သင်းသာ ထပ်မံထွက်ပေါ်မည်ဖြစ်သည်။

**ရဲရင့်လွင်**

# တရားမဝင် သစ်မျိုးစုံနှင့် လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်နှင့် အမ်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၇၁ ဒသမ ၇၄၀၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၃၈၄၈၆ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်မှုဖြင့် တိုင်းဒေသကြီး သစ်တော ဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များဖြင့် ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်အတွင်း တရားမဝင် ကျွန်းတံခါးနှင့် တံခါးအပိုင်းအစ စုစုပေါင်း ဝ ဒသမ ၈၉၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၅၀၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက် ရှိသည်။

အလားတူ မွန်ပြည်နယ် မုဒုံမြို့နယ် မုဒုံ-ချောင်းနှစ်ခွ ကားလမ်းပေါ်တွင် တရားမဝင် ပျဉ်းကတိုး ခွဲသားနှင့် သက်န်းတံခါးရွက် စုစုပေါင်း ဝ ဒသမ ၈၃၇ တန် ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၇၄၀၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက် ရှိသည်။

၎င်းအပြင် ဖေဖော်ဝါရီ ၂၄ ရက်တွင် စစ်ကိုင်းမြို့နယ်အတွင်း TOYOTA WISH အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ဖမ်းဆီးရမိခဲ့ရာ ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များမှ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သာယာဝတီခရိုင် သစ်တော ကြိုးဝိုင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၁၇ ဒသမ ၄၀၀၀ တန် ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၃၇၅၀၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူလျက်ရှိသည်။(**အပေါ်ပုံ**)

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု၊ ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၂၁၁၈၈၆ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တာမွေ၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီ ၃၅ မိနစ်တွင် တာမွေမြို့နယ် တာမွေကြီး (က+ဂ) ရပ်ကွက်၊ (၁၅၇) လမ်း၊ အမှတ်(၁၅)၊ ၄ လွှာရှိ ခင်မောင်စိုး(ခ) အာဂျူ မူလ္လာ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု၊ ဝမ်ကောင်းကျေးရွာအနီးတွင် အားဖွမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိသည်။

ထို့ပြင် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် တာလေမြို့နားယောင်း ကျေးရွာအုပ်စု ပါခါးလုံကျေးရွာရှိ အိုက်လုံ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ခြံစောင့် ရှာမွေလုနှင့် အိုက်လုံခမ်း (ခ) လီဖာတို့နှစ်ဦးကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေး အကြေမှုန့် ၁၄ ကီလို၊ ကဖင်း ၂ ဒသမ ၅ ကီလို၊ ဆေးပြားရိုက်စက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

**ရဲပြန်ကြား**



မူးယစ်ဆေးဝါးများ၊ ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများအား ပြစ်မှုကျူးလွန်သူများနှင့်အတူ တွေ့ရစဉ်။

# မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ရောင်းစားခဲ့သူအား ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ တောင်ချေကျေးရွာနေ ဒေါ်မချေ (ခ) မသန်း၊ မဌေးဌေးစိုး၊ ကျောက်ဖြူမြို့နယ် ငါးလုပ္ပေ့ကျေးရွာနေ ဒေါ်ကြောင်မ၊ မအေးအေးစိုးနှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့နေ မနီနီကျော်တို့က ရခိုင်ပြည်နယ် စစ်တွေမြို့နေ မ--- (၁၆) နှစ်အား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၃၀ ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် စစ်တွေခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် တရားခံ ဒေါ်မချေ (ခ) မသန်းအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့ အထက(၁) Grade-6(C)မှ မသီရိဆုစံ၏ ဖခင်ဦးသန့်ဇင်အောင်(ခ)ဦးသန့်ဇင်မောင် ၉/သစန(နိုင်) ၁၀၆၅၅၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန့်ဇင်အောင်(ခ)ဦးသန့်ဇင်မောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အမှတ်(၁)ရွာသစ်ရပ်ကွက် ခိုင်သဇင်လမ်းနေ ဦးသန်းဝင်း ၇/ကဝန(နိုင်) ၁၅၄၃၄၉ ၏သမီး မသဲစုဝင်း (ခ) မသဲဆုဝင်း ၇/ကဝန(နိုင်) ၁၅၈၉၅၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မသဲစုဝင်း(ခ)မသဲဆုဝင်း**

## တစ်ဦးတည်း ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း ပထမတန်းမှ မဖူးပွင့်ကေရီ၏ဖခင် ဦးသန်းဇော်ထွေး(ခ)ဦးသန်းမောင်ထွေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 36W/56956, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော်သန့် ၉/မထလ(နိုင်) ၃၂၄၂၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၈၄၄၄ ယာဉ်လက်ဝယ်ရှိသူ ဦးထင်လင်းသိန်း ၇/တငန(နိုင်)၁၄၄၅၈၄ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/54505, Honda Scoopy 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၉/မထလ(နိုင်) ၁၇၀၉၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 61W/136161, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မို့မို့ကြွယ် ၉/မထလ(နိုင်)၂၅၂၀၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ခင်ပွန်းအဖြစ်မှ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်း၊ကဝမြို့နယ်၊ဘုမ္မဇိုးကျေးရွာနေ(ဘ) ဦးသောင်းညွှန့်၏သမီးဖြစ်သူ ဒေါ်ခင်ကြူဌေး (၇/ကဂန(နိုင်) ၁၁၂၅၅၆)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာသည်မှာ-

လှည်းကူးမြို့နယ်၊မအူအုပ်စု၊ မြို့ကုန်း ကျေးရွာနေခင်ပွန်းဖြစ်သူ ဦးရဲထွဋ်(၁၂/လကန(နိုင်)၁၆၅၈၃၈နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ကြူဌေးသည် သီးခြားခွဲခွာနေထိုင်လာသည်မှာ(၃)နှစ်ကျော်ကာလရှိနေပြီဖြစ် ပါသည်။ ဇနီးဖြစ်သူအား ဆက်သွယ်ခြင်း၊ ထောက်ပံ့ခြင်း ဝတ္တရားပျက်ကွက် ခဲ့ပါသောကြောင့် ခင်ပွန်းအဖြစ်မှ လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| ခင်ကြူဌေး | ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈) |
| ၇/ကဂန(နိုင်)၁၁၂၅၅၆ | တရားလွှတ်တော်ရှေ့နေ |

ဈ/၁၁၅၊ကုန်သည်လမ်း၊ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့။ Ph---09699266847

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၈၈၂၂၁ ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းအောင် ၇/ဖမန(နိုင်)၁၅၆၈၃၀ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## နှစ်ထပ်တိုက်သစ် အထူးလျှော့ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင်၊ ပတ္တမြားဈေးအနီး၊ ထော်ပိုင်လမ်း၊ (၂၀'×၆၀' ပါမစ်ဂရန်မြေ)၊ နှစ်ထပ်အာစီ၊ အာစီမိုး၊ အောက်(၂)ခန်း၊ အပေါ်(၂)ခန်း၊ (အငှားရှိ)၊ လျှပ်စစ်မိန်းမီတာနှင့် စပ်မီတာ(၄)လုံးပါရှိ၊ ဂျိုးဖြူရေ၊ အဝီစိရေ၊ ဈေးနှုန်း(၇၅၀)သိန်း အလျှော့အတင်းရှိ။ စုံစမ်းရန်-ဖုန်း-၀၉-၅၀၀၀၆၇၃၃၊ ၀၉-၄၂၈၆၂၄၃၆၃

## မွေးသက္ကရာဇ် အမှန်

ရမည်းသင်းမြို့၊ ဇီးဖြူ ကုန်းကျေးရွာနေ ဦးကျော်ဝင်း၏ သမီး မထက်အိဖြူ ၉/ရမသ(နိုင်)၂၃၄၉၉၇၏ မွေးသက္ကရာဇ် အမှန်မှာ (၁၀-၁-၂၀၀၁) ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၇၂၅၁၂ Honda 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝမ်း ၉/ပမန(နိုင်)၁၃၇၀၄၂က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## လူပျောက်ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ ကမ္ဘောဇစက်ပိုင်းရပ်ကွက်၊ ဒဂုံမန်းလမ်းနေ ဦးအဂ္ဂျာသီလာ (၄၃) နှစ် (ဘ)ဦးရမ်းဒယာလ် ၇/ကတခ(နိုင်)၁၇၁၈၀၇သည် ၁၃-၂-၂၀၂၂ ရက်တွင် နေအိမ်မှ ဆိုင်ကယ်နှင့် ထွက်သွားပြီး ဖုန်းဆက်သွယ်မှုမရတော့ဘဲ ယနေ့အချိန်ထိနေအိမ်သို့ပြန်လည် မရောက်ရှိလာသဖြင့် လိုက်လံရှာဖွေစုံစမ်းမှုပြုလုပ်သော်လည်း ဆက်သွယ်မှုမရရှိပါ။ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ ဖြားယောင်းသွေးဆောင်ခေါ်ယူထားသူ များအား ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ပြီး ၁၄-၂-၂၀၂၂ရက်တွင် ပဲနွယ်ကုန်းနယ်မြေရဲစခန်းသို့ လူပျောက်တိုင်ကြားထားပါသည်။

**ဖုန်း-၀၉-၄၄၄၇၄၉၈၂၂၊ ၀၉-၄၅၄၃၆၆၈၉၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/2390 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၅၅၅၈၆ Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဦး ၉/ခမစ(နိုင်)၀၃၄၅၄၇ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်နီနီမြင့် ၅/မရန(နိုင်) ၁၄၉၈၀၃သည် ဦးစိုးဝင်းဆွေ ၅/မရန(နိုင်) ၁၇၈၆၇၆နှင့် (၁၅-၃-၂၀၂၁)ရက်တွင် အသိသက်သေများရှေ့မှောက်တွင်အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲလက်မှတ်ရေးထိုးပြီးဖြစ်ပြီး နှစ်ဦးပိုင်လက်ထပ်ပွား ပစ္စည်းများနှင့် သားသမီးအုပ်ထိန်းခွင့်များကိုပါ ခွဲဝေရှင်းလင်းပြီးဖြစ်ပါသောကြောင့် (၁၅-၃-၂၀၂၁)ရက်မှစ၍ ဦးစိုးဝင်းဆွေနှင့် ပတ်သက်သော ကိစ္စအဝဝသည် ကျွန်မ ဒေါ်နီနီမြင့်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း။ ၎င်းနှင့်ပတ်သက်သမျှကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီမြင့် ၅/မရန(နိုင်) ၁၄၉၈၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ မီးရထားလမ်း၊ ဦးပိုင်အမှတ် (၁၁/၁/၂၁)၊ ဧရိယာ ဝဒသမ ၀၅၅ ဧကရှိမြေအား ဒေါ်တင်တင်လတ် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ ကျောက်စိမ်းလမ်းနေ (ဦးလှအောင်) ၇/ထတပ(နိုင်) ၀၄၇၇၅၅-ဒေါ်ခင်စန်းနွယ် ၇/ထတပ(နိုင်)၀၄၇၅၀၅ တို့၏သမီး ဒေါ်အေးအေးခိုင်(ခ)လေးလေး ၇/တငန(နိုင်) ၂၂၈၁၄၄သည်မိဘစကားကို အကြိမ်ကြိမ်နားမထောင်ပါသဖြင့် ၂၄-၂-၂၀၂၂ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| ဒေါ်ခင်စန်းနွယ်(ဘ)ဦးစံလင်း | ဦးသန်းဇော်ထွေး(LL.B) |
| ၇/ထတပ(နိုင်) ၀၄၇၅၀၅ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၂) |
| (၂၂)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ တောင်ငူမြို့ | (၂၂)ရပ်ကွက်၊ တောင်ငူမြို့ |

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ်(၁) ဟုခေါ်တွင်သော တစ်ခန်းတည်း(၆)ထပ်တိုက် အဆောက်အအုံ၏ ပထမထပ်၊ အကျယ်အဝန်း (၂၅ x ၅၀) ပေရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းကို မြေပိုင်ရှင်များလည်းဖြစ် အခန်းပိုင်ရှင်များလည်းဖြစ်ကြသော ၁။ ဦးမင်းမော်ထွန်း ၁၂/ရကန(နိုင်) ၀၂၈၄၇၉၊ ၂။ ဒေါ်နီလာ ၁၁/စတန(နိုင်) ၀၂၀၂၁၄တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကိုပြီးဆုံးသည့် တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)

အထက်တန်းရှေ့နေများ

အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉

## အိတ်ဖွင့်စျေးနှုန်းလွှာတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ စားသောက်ဆိုင်ခန်းများ၊ အဆင့်မြင့်ကော်ဖီနှင့် အအေးဆိုင်တို့အား ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ငွေစာရင်းဌာနတွင် တင်ဒါခေါ်သည့်ရက် နံနက် ၁၀ နာရီမှစ၍ ၁၁-၃-၂၀၂၂ရက် ၁၄:၀၀နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၁၈-၃-၂၀၂၂ရက် နံနက် ၁၀ နာရီတိတိ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

**ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**
**ဖုန်း-၀၉-၂၅၅၈၉၁၄၄၈၊ ၀၉-၄၂၀၁၀၅၈၈၊ ၀၉-၄၃၀၅၇၉၈၉**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ(၀ဒသမ၀၅၈)ကေ အမည်ပေါက်သူ ဒေါ်အိအိမိုးအမည်မှ ဦးရဲထွန်းနိုင် ၁၄/ကလန(နိုင်)၀၇၇၇၇၆-ဒေါ်အေးအေးခိုင် ၁/ဗမန(နိုင်)၀၄၆၀၄၀ အမည်သို့ အမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးရဲထွန်းနိုင်-ဒေါ်အေးအေးခိုင်**

## ပျောက်ဆုံးကြောင်း

သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာများပျောက်ဆုံးကြောင်း ကြေညာချက်၊

ကျွန်တော်များ Mandalay Resources Co.,Ltd. အမည်ဖြင့် လျှောက်ထားသော

၁။ ILV 14-15 2213 (4-11-2014) သွင်းကုန်လိုင်စင်မူရင်း

၂။ Custom Note Down & Statement 175742 သွင်းကုန်ကြေညာလွှာမူရင်း

အားလုံးတို့သည် ပျောက်ဆုံးသွားပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်-

**ဖုန်း-၀၉-၉၇၇၈၃၅၂၈၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် ၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၆/၃၄)နေ ဒေါ်မြင့်မြတ်ထွန်း(ဘ) ဦးဇင်မင်းထွန်း ၁၂/လကန(နိုင်)၂၅၆၃၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၁၂၆)ဟုခေါ်တွင်သော ဒေါ်ပြုံး(HGU-၀၉၅၆၂၄) အမည်ပေါက် ပါမစ်မြေ(အလျား၄၀ x အနံ ၆၀)ပေ အကျယ်အဝန်းအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၂၀ x အနံ ၆၀)ပေ အကျယ်အဝန်းရှိ ခေါင်းရင်းဘက်ခြမ်း မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းတိုက်နေအိမ်အဆောက်အအုံနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အမှုအခင်း၊ အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိဖြင့် အဆိုပြုလာသူ ဒေါ်ကျော့ကျော့စံ ၆/မအရ(နိုင်)၀၉၈၄၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ် တန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြား ချက်အရ-**
**ဒေါ်ရည်မွန်အောင်**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၁၂)**
**ရုံးခန်း-အမှတ်(၈၃)၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၉၄၇၀၄၄၈၊ ၀၉-၄၄၈၂၈၈၃၁၈**

## အမည်ပြောင်း

တောင်သာမြို့၊ မကြီးချိုကျေးရွာနေ (ဘ)ဦးကံဆင့်၏သား မောင်လင်းစိုး ၉/တသန(နိုင်)၁၂၅၆၈၂အား ယနေ့မှစ၍ မောင်လင်းလင်းစိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းလင်းစိုး**

## မိခင်အမည်မှန်

ညောင်ရွှေမြို့၊ အထက (မိုင်းသောက်) Grade-6မှ မောင်ဇော်ညီညီရှိန်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်အေး ၁၃/ညရန(နိုင်)၀၆၀၈၅၄ ဖြစ်ပါကြောင်း။ **ဒေါ်ခင်အေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အထက (လင်းခေး) စတုတ္ထတန်းမှ မနန်းဖွန်းဟွမ်ဟတ်၏ ဖခင် ဦးစိုင်းခမ်းပေါင်း(ခ)စိုင်းမွမ်းလောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အထက (လင်းခေး) ဒသမတန်းမှ မောင်အာကာထွန်း၏ ဖခင် ဦးကျော်သန်း(ခ) ဦးအောင်ကျော်သန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၆၆၆၂ Honda Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေလွင်လွင်ခိုင် ၂/လကန(နိုင်)၀၆၅၄၃၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၂)၊ မေတ္တာကမ္ဘာလမ်း၊ အိမ်အမှတ်(၂/၂၆၃)နေ (ဦးချင်ဝမ်း)-ဒေါ်နန်းဝင်းရီတို့၏သား မောင်ကျော်သူလတ် ၉/မရန(နိုင်)၁၇၁၆၇၄သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်နန်းဝင်းရီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(နတ်စင်ကုန်း) အဌမတန်း(ဂ)မှ မောင်ပြည့်ဖြိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးစောပီတာ ၁၂/သဃက(နိုင်)၀၁၁၄၉၂ ဖြစ်ပါကြောင်း။

**ဦးစောပီတာ**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ လ-၂၅၄၄၈၂ ရဲဒုတပ်ကြပ် ကျော်ဆန်းလှိုင်၏ အမည်မှန်မှာ (ဘ) ဦးရွှေဆန်း၏သား ဦးကျော်စန်းလှိုင် ၈/သရန(နိုင်)၀၉၀၇၅၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မုန်တိုင်အုပ်စု၊ မုန်တိုင်စံပြကျေးရွာ အထက်တန်းကျောင်း နဝမတန်းမှ မောင်တိုးဝေထွန်း၏မိခင် ဒေါ်ခိုင်နှင့် ဒေါ်ခိုင်ခိုင် ၉/မထလ(နိုင်)၃၈၉၇၂၅ မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဒေါ်ခိုင်နှင့်ဒေါ်ခိုင်ခိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/6985 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ညောင်ပင်ကြီးရွာ၊ အထက(ခွဲ) ဒသမတန်းမှ မောင်ဖြိုးသီဟကျော် (ကျောင်းဝင်အမှတ် ၀၀၁/၂၁)၏ မိဘအမည်မှန်မှာ ဦးသိန်းဇော် ၅/ပလန(နိုင်)၀၇၈၅၉၆ နှင့် ဒေါ်စန္ဒာလွင် ၈/တတက(နိုင်)၁၂၆၆၄၈ဖြစ်ပါ ကြောင်း။

**ဦးသိန်းဇော်-ဒေါ်စန္ဒာလွင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ဟ/၉၉၆၉၊ DAYANGDY-250၊ သုံးဘီး ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်ဝင်း ၈/ပမန(နိုင်)၁၁၁၆၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၉

ဒေါ်စန်းသီတာဟန် **နှင့်** ၁။ ဒေါ်ခင်ငြိမ်း
၂။ ဒေါ်ခင်စိန်
၃။ ဦးဟန်ရွှေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ (၃၁)လမ်း၊ အမှတ် (၃၄၇)နေ ၁။ ဒေါ်ခင်ငြိမ်း၊ ၂။ ဒေါ်ခင်စိန်၊ ၃။ ဦးဟန်ရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလို ဒေါ်စန်းသီတာဟန်က သင်တို့အပေါ်၌ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ (၃၁)လမ်း၊ အမှတ် (၃၄၇)ခေါ် မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၃၄၇၊ ဧရိယာ စတုရန်းပေ ၂၄၀၀၊ အကျယ် ပေ ၄၀x၆၀ရှိ မခွဲမစိတ်ရသေးသောမြေမှ အလျား ၁၀ပေxအနံပေ ၆၀ ရှိ (မြေကွက်အမှတ် ၃၄၈နှင့် ကပ်လျက်) မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မတ် ၁၄ရက် (၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးချယ်ရီနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မိုးလွင် ၁၁/ရဗန(နိုင်)၀၆၀၂၅၂ ကိုင်ဆောင်သူက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၁/၁၀)ရပ်ကွက်၊ ရွှေဘိုလမ်း၊ မြေအမည်ပေါက် ဦးလှရွှေ ပါမစ်မြေကွက်အမှတ် (၃၉၈/ခ)၊ အလျား ၁၀ပေxအနံပေ ၆၀ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးနိုင်လင်း ၁၂/အစန(နိုင်)၁၈၅၇၆၇နှင့် ဒေါ်မိုးမိုးအေး ၁၂/လသယ(နိုင်)၁၀၃၇၀၆တို့ထံမှ အိမ်ခြံမြေအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ယင်းအိမ်ခြံမြေနှင့်ပတ်သက်ပြီး အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာမှတ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းနိုင် (LL.B, D.B.L, D.I.T)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၂၁၅)၊ ဗိုလ်တာရာလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၃၀၇၄၉**

## ကန့်ကွက်နိုင်ပါသည်

